The HOT NEWS weekly
Vol- 3, No-123 , 3 - 9 Jan 2013
E-mail - admin@hotnewsweekly.com

## စစ်အစိုးရ၊ စစ်တပ်နှင့် မြန်မာနိုင်ငံ



စာ ၁၅ သို့

## တောင်သူလယ်သမားသမဂ္ဂဖွဲ့စည်းရေး ကော်မတီ နှစ်သစ်ကူးသဝဏ်လွှာထားကြေညာချက်

စာ ၄၀ သို့




## မင်းကိုနိုင်(သို့မဟုတ်)တော်လှန်သော ခွပ်ဒေါင်း

စာ ၁၄ သို့



# လွတ်လပ်ရေးကိုခံစားပြီး စံစားချင်ပါတယ်ဆိုရင်




စာ ၃၃ သို့

"လွတ်လပ်ရေးအရသာကို ခံစား စံစားချင်တယ်ဆိုရင် အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိကြဖို့ အခုကတည်းက ခင်ဗျားတို့ ကိုယ့်ကိုယ်ကိုယ်မှာရှိတဲ့အကျင့်ဆိုးတွေအကျင့်ဟောင်းတွေ၊ စောက်ကျင့်တွေပြင်ကြဖို့လိုပြီ"

ဗိုလ်ချုပ်အောင်ဆန်း

"လူ့အဖွဲ့အစည်းအနေနဲ့ လွတ်လပ်ရေးရယူစဉ်က စုစည်းနိုင်ခဲ့တဲ့ ညီညွတ်မှုအင်အားအတိုင်း နိုင်ငံသား တစ်ဦးချင်း၊ တစ်ယောက်ချင်းစီက လက်တွဲလုပ်ဆောင်နိုင်မယ်ဆိုပါလျှင် ယခုကြုံတွေ့နေရတဲ့ အပြောင်း အလဲတွေ၊ စိန်ခေါ်မှုတွေကို မလွဲမသွေကျော်လွှားနိုင်မယ်"

နိုင်ငံတော်သမ္မတဦးသိန်းစိန်



HOT NEWS
Vol - 3, No - 123, 3 - 9 Jan, 2013

# မင်းကိုနိုင် (သို့မဟုတ်) တော်လှန်သော ခွပ်ဒေါင်း တော်လှန်သောကဗျာအိုးဝေ



*(ယခင်အပတ်မှအဆက်)*

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့သည် သမိုင်းဝင်သည့်နေ့တစ်နေ့ ဖြစ်သည်။ (န. ဝ. တမှအာဏာသိမ်း ရန် ၅ ရက်အလို ဖြစ်သည်) နေရာကား ရန်ကုန်လမ်းမတော် ဆေးတက္ကသိုလ်ရှိ ခန်းမအတွင်း၌ ဖြစ်ပါသည်။

ခန်းမထိပ်တွင် ဒီမိုကရေစီလှုပ်ရှား ခေါင်းဆောင်ကြီး ၅ ဦးထိုင်နေကြပါသည်။ ဘယ်ဘက်ထိပ်၌ ဝန်ကြီးချုပ်ဟောင်း ဦးနု၊ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်၊ ရဲဘော်သုံးကျိပ်ဗိုလ်ရန်နိုင်နှင့် ဗိုလ်ချုပ်ဟောင်းအောင်ကြီးတို့ အသီးသီးထိုင်နေကြပါသည်။ ခန်းမထဲ၌ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်စက်မှုတက္ကသိုလ်၊စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်ဆေးတက္ကသိုလ်တို့မှ ကျောင်းသားခေါင်းဆောင်များ၊ ဗ. က. သ မ. က. သ၊ ရ. က. သ ကျောင်းသားသမဂ္ဂများမှ ကျောင်းသားခေါင်းဆောင်များ အားလုံး (၁၁၄) ဦးရှိနေပါသည်။ အခမ်းအနားမှူးမှာ ဆေးတက္ကသိုလ်မှ ပေါ်ထင်ဖြစ်ပါသည်။ မိုးသီးဇွန်အရင်စကားပြောပါသည်။ ကျောင်းသား ၁၁၄ ဦးကိုယ်စား၊ ၂၄ နာရီအတွင်း ယခုခေါင်းဆောင်ကြီး ၅ ဦးကကြားဖြတ်အစိုးရကြေညာပေးပါရန် အဆိုကို ကျွန်တော်က တင်သွင်းပါသည်။ မ. က. သ မှ ယုယုမော်က ထောက်ခံ ဆွေးနွေးပါသည်။

ဦးနုက ကျွန်တော်ကို ခေါ်ယူ၍ သူ့ဘေး၌ ထိုင်ခိုင်းပါသည်။ 'မောင်ရင် ဒီမိုကရေစီကိုယုံသလားဟုမေးပါသည်။ ကျွန်တော်ကခေါင်းညိတ်ရာ ဒါဆိုအတင်းအကျပ်တော့ မလုပ်နဲ့လေကွာတဲ့။ အဘတို့ကို အချိန်ပေးပါဦးတဲ့။ အဓမ္မအတင်း မလုပ်ပါနှင့်တဲ့။ ဦးနုပြောသွားသည်။ စကားထဲမှာ အဘကို ယခုကျောင်းသားငယ်များက သိကြသေးရဲ့လားတဲ့။ ကျွန်တော်က ကောင်းကောင်း သိပါတယ် အဘရာဟုပြောရာ သူဝမ်းသာကြောင်း ပြောသည်။ သူ့အထင်သမိုင်းကိုဖုံးထားသဖြင့် သူ့ကိုသိကြတော့မည်မထင်ကြောင်း ပြောပါသည်။ နောက်တော့ ခေါင်းဆောင်ငါးဦးစလုံးက ယခုချက်ချင်းကြားဖြတ်အစိုးရကြေညာရန် သဘောမတူကြပါ စဉ်းစားဖို့အချိန်ပေးရန် တောင်းဆိုကြပါသည်။ ကျွန်တော်တို့ကျောင်းသား ၁၁၄ ဦးလည်း တော်တော်ကိုစိတ်ပျက်သွားကြသည်။ နောက်ဆုံး ဒီခေါင်းဆောင်ငါးဦးကို အိမ်ပြန်မလွှတ်တော့ဘဲ ဆေးတက္ကသိုလ်ထဲ၌ပင် တံခါးပိတ်ထားပြီး အမြန်ဆုံးကြားဖြတ်အစိုးရကြေညာရန် ဖိအားပေးရန်အထိ စဉ်းစား မိကြပါသည်။ (N.H.K ဂျပန်သတင်းဌာနနှင့် နိုင်ငံခြားသတင်းထောက်များစွာကလည်း အစိုးရကြေညာစဉ်သတင်းရသဖြင့် အလျှင်အမြန်ဆုံးကမ္ဘာသို့သတင်းပို့နိုင်ရန် အဆင်သင့်ပြင်ထားကြသည်။အထူးသဖြင့် ၎င်းအချိန်က India နိုင်ငံ၏ဝန်ကြီးချုပ်မှာ ရာဂျစ်ဂန္ဒီ ဖြစ်ရာ ၎င်းနေ့က အစိုးရကြေညာလျှင် India အစိုးရက ချက်ချင်းအသိအမှတ်ပြုရန်ပင် ပြင်ဆင်ထားကြောင်း သတင်းများ ထွက်ပေါ်နေခဲ့သည်။)

နောက်ဆုံး ညနေစောင်းလာသည်။ အပုပ်ချိန် ရောက်သည်။ ညီအစ်ကိုမသိတသိအချိန်ရောက်လာသည်။ခေါင်းဆောင် ၅ ဦးမညီညွတ်ကြ၍ သမိုင်းဝင်မည့်ကြားဖြတ်အစိုးရမကြေညာနိုင်ခဲ့ဘဲ။ ကျွန်တော်တို့နှုံးနိမ့်စွာလမ်းခွဲခဲ့ကြရပါသည်။ န. ဝ. တ အာဏာသိမ်းရန် ၅ ရက်အလိုတွင်မြန်မာသမိုင်းဝင်ဒီမိုကရေစီတောင်းဆိုရန် အရေးတော်ပုံကြီးကို လူထုအစိုးရတစ်ရပ်ဖွဲ့စည်း၍ အမြန်ဆုံးအောင်ပွဲခံနိုင်မည့်အခွင့်အလမ်းကောင်းတစ်ရပ်ကို ဗ. က. သ၊ မ. က. သ ခေါင်းဆောင်များ ကျောင်းသားခေါင်းဆောင် ၁၁၄ ဦး၏ သမိုင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ဆောင်နိုင်ခဲ့မှုအပေါ် ခေါင်းဆောင် ၅ဦး၏ သတ္တိနည်းမှု၊ တွေဝေငေးမောမှု၊ မပြတ်သားမှု၊ မညီညွတ်မှု၊ မဟာဆုံးဖြတ်ချက်အမှားကြီးကြောင့် လူထုတစ်ရပ်လုံး၏ဆန္ဒမှာ အကောင်အထည်မဖော်နိုင်ခဲ့သည်နှင့် ၁၉၈၈မှ ရေတွက်လျှင်နှစ်ပေါင်း ၂၀ ကျော် ထပ်မံဝေးကွာခဲ့ရပါသည်။ ၎င်းခေါင်းဆောင် ၅ ဦးမှာလည်း ယခုအခါ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦး နှစ်ဦးသာအသက်ရှင်ကျန်ရစ်ခဲ့ပါသည်။ (သမ္မတဦးသိန်းစိန်ဦးဆောင်သောအစိုးရသာ ၂၀၁၁ ခုနှစ်တွင် မပေါ်ပေါက်လာခဲ့ပါက ယခု ကျွန်တော်ရေးသားနေသော ဆောင်းပါးကိုပင် မြန်မာပြည်သူတို့ယနေ့ ဖတ်နိုင်ဦးမည်မဟုတ်ပါ။)

စက်တင်ဘာ (၁၃) ရက် ၁၉၈၈ ဆေးတက္ကသိုလ်နယ်မြေထဲမှ ကျွန်တော်တို့ကျောင်းသားခေါင်းဆောင်များလေးလံသောခြေလှမ်းများဖြင့် ပြန်ခဲ့ကြပါသည်။

'စက်တင်ဘာ (၁၈) ရက် ညနေ ၄း၀၀ နာရီ၁၉၈၈' ၎င်းနေ့ တစ်မနက်လုံး ကျွန်တော်တို့ ဗ. က. သ၊ မ. က. သ ကျောင်းသားခေါင်းဆောင်များ ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမအတွင်း အလုပ်ရှုပ်နေကြသည်။အကြောင်းမှာ စက်တင်ဘာ (၁၃) ရက် ဆေးတက္ကသိုလ်မှာ ကျွန်တော်တို့ ကျောင်းသား ၁၁၄ ဦးတင်ပြခဲ့သော ကြားဖြတ်အစိုးရကြေညာရန် အဆိုကို ယနေ့တိုင် ၅ ရက်တိုင်တိုင် ခေါင်းဆောင် ၅ ဦးက အကြောင်းမပြန်နိုင်ဘဲရှိနေပါသည်။ အစိုးရမဖွဲ့နိုင်သေးပါ။ ထို့အပြင် စစ်တပ်ကအာဏာသိမ်းတော့မည်ဟုလည်း သတင်းများထွက်ပေါ်လာပါသည်။ ထို့ကြောင့် ကျွန်တော်တို့ ပြန်စဉ်းစားရပါတော့သည်။ စစ်တပ်မှ အာဏာမသိမ်းခင်ခေါင်းဆောင် ၅ဦး အစိုးရမဖွဲ့နိုင်တော့ရင် အားလုံး သဲထဲရေသွန်

**မိုးဟိန်း**

ဖြစ်တော့မည်။ ထို့ကြောင့် စက်တင်ဘာလဆန်းပိုင်းက ဦးနု၏ စင်ပြိုင် အစိုးရကြေညာထားသည်ကိုပင် ကျွန်တော်တို့က ဗကသ/မကသတို့မှ အတိအလင်းထောက်ခံကြောင်းကြေညာ၍နိုင်ငံတကာ၏ အသိအမှတ် ပြုမှုကို ကြိုးစားရန်လမ်းကြောင်း အသစ်တစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် မင်းကိုနိုင်ခေါင်းဆောင်သော ဗ. က. သ၊ မင်းဇေယျာ ခေါင်းဆောင်သော မ. က. သ နှင့် အခြားတက္ကသိုလ်များမှသမဂ္ဂများ၊ ဦးနု၏ စင်ပြိုင်ကြေညာထားသော အစိုးရအား မြန်မာနိုင်ငံလူထုကြီးကို ကိုယ်စားပြုသောအစိုးရတစ်ရပ်အပေါ် လက်ခံကြောင်း၊ထောက်ခံကြောင်း လူထုအား ကြေညာသည့်ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။ ကျွန်တော်၊မိုးသီးဇွန်အပါအဝင်အားလုံး ဗ. က. သ ကိုယ်စားပြုလက်မှတ်ရေးထိုးပါသည်။ နေ့လယ် ၁း၀၀ နာရီတွင် ကြေညာချက်ထုတ်ပြန်နိုင်ခဲ့ပါသည်။ သို့သော် အလာကောင်းသော်လည်းအခါနှောင်းသွားခဲ့ပါပြီ။ ၃ နာရီအကြာညနေ ၄း၀၀နာရီတွင် မြန်မာ့အသံရေဒီယိုမှ န၀တ စစ်တပ်က နိုင်ငံတော်အာဏာအရပ်ရပ်ကို သိမ်းယူလိုက်ကြောင်း ကြေညာသွားပါသည်။ စစ်တပ်ကားများ ရန်ကုန်မြို့တွင်းသို့အလုံးအရင်းဖြင့် ဝင်ရောက်လာခဲ့ပါတော့သည်။

ကျွန်တော်ကဌာနချုပ်တာဝန်ခံဖြစ်သဖြင့် စာရွက်စာတမ်းများကို မီးပုံရှို့ရပါသည်။ သိမ်းဆည်းရပါသည်။ ဘိုကလေးမှ ပို့ထားသော ဆန်အိတ်ပေါင်းရာဂဏန်းကို ကမ်းနားမှထရပ်ကား ၂ စီးငှားကာ နီးစပ်ရာပန်းဘဲတန်း၊ ကျောက်တံတား၊ လသာမြို့နယ်မှ ပြည်သူများကို လျှော့ဈေးဖြင့် ရောင်းချပေးလိုက်သည်။ ဗ. က. သ အဖွဲ့ချုပ်ဆိုင်းဘုတ်ခွပ်ဒေါင်းအလံတော်ကြီးကို မဖြုတ်ချတော့ဘဲ အလေးပြု၍ အ. ထ. က (၂) လသာကျောင်းအတွင်းမှ ကျွန်တော်နှင့် မိုးသီးဇွန်တို့ ဗ. က. သ အဖွဲ့ဝင်များ ခမ်းနားစွာဖြင့် ထွက်ခွာပေးခဲ့ရတော့သည်။ နာရီပိုင်းအတွင်းစစ်ကားများရောက်လာပြီး ဗ. က. သ ဆိုင်းဘုတ်ခွပ်ဒေါင်းအလံကြီးအား ဖြုတ်ချပစ်လိုက်ကြပါတော့သည်။ (၎င်းအလျား ပေ ၃၀ အနံ ၁၅ ပေရှိသော အနီရောင်အောက်ခံပေါ်မှာ ခွပ်ဒေါင်းခွပ်နေသော ပိတ်စပေါ်၌ ပန်းချီရေးဆွဲကာ သစ်သားဘောင်မခတ်ရသေးသော အလံတော်ကြီးကို ပုဇွန်တောင်ဈေးအနီးမှာ ပန်းချီစံတိုးက အခမဲ့ရေးဆွဲလှူဒါန်းခဲ့ခြင်းဖြစ်သည်) ၎င်းအလံတော်ကြီးကို စက်တင်ဘာပထမပတ် ၁၉၈၈ တွင် ပုဇွန်တောင်ဈေးမှ ဗ. က. သ ဌာနချုပ် လသာ အ. ထ. က (၂)သို့ ကျွန်တော်တို့ဦးဆောင်၍ အခမ်းအနားဖြင့် ချီတက်ကဆိုင်းဘုတ်တင်ခဲ့ကြသည်)

ကျွန်တော်၊ မိုးသီးဇွန်နှင့် ဗ. က. သ CEC တချို့သည် ရန်ကုန်ပန်းဘဲတန်းမြို့နယ်၊ လသာမြို့နယ်၊ လမ်းမတော်မြို့နယ်နှင့် ကျောက်တံတားမြို့နယ်ရှိတိုက်ခန်းများမှာ လျှို့ဝှက်စွာပုန်းအောင်း၍ ဗ. က. သအဖွဲ့ချုပ်လူထုထံ အသိပေးပန်ကြားချက် ၁/၂/၃ စသည်တို့ကို လျှို့ဝှက်ထုတ်ဝေနေခဲ့ပါသည်။ စက်တင်ဘာ ၁၈ ရက်နေ့နှင့် စက်တင်ဘာလ ၁၉ ရက်နေ့များတွင် လက်နက်ကိုင်တပ်ဖွဲ့များက လူစုလူဝေးလူထုကို ပစ်ခတ်သဖြင့် လူထုနှင့် ကျောင်းသားရဟန်းတို့ကျဆုံးခဲ့ကြရသည်။ ထို့ကြောင့် စက်တင်ဘာလ ၁၉ ရက်နေ့ နံနက်တွင် ကျွန်တော် မီးချောင်းနှင့် ပုံနှိပ်မင်များကိုအသုံးပြု၍ စာရွက်များဖြန့်ဝေပါသည်။ ကျားရှေ့တွင် သိုးငယ်များ အသားလွတ်အသေခံသလို ကျောင်းသားရဟန်းလူထုများအကြောင်း မဲ့အသေမခံကြရန်၊ လူထုခွဲကြရန်၊ မိမိတို့အင်အားကို ပြန်လည်စုစည်းရန်၊ ခေတ္တဆုတ်ခွာကြရန်၊ လမ်းပေါ်မထွက်ကြရန် ကြေညာချက် (၁) ကိုစတင်ဖြန့်ဝေပါသည်။ အောင်မြင်စွာဟန့်တားနိုင်ခဲ့ပါသည်။ လူထုသည်ခေတ္တနောက်ဆုတ်ပေးခဲ့ကြပါသည်။ ကျွန်တော်တို့ ဗ. က. သ ခေါင်းဆောင်များလည်း လူစုကွဲခဲ့ကြသည်။ ကျွန်တော်၊ မိုးသီးဇွန်၊ ပန်းအိစံ (မွှေးမွှေးယခု USA)၊ ဇော်အောင်၊ ဇေယျာ၊ ဝင်းမြင့်နိုင်၊ ကိုဝ (ရဲနိုင်အောင်) စသည်တို့ကတစ်ဖွဲ့။

စက်တင်ဘာ ၂၂ ရက်နေ့ သန်လျင်အနီးပဲခူးမြစ်ပေါ်ရှိ လှေတစ်စင်းပေါ်တွင် ကျွန်တော်တို့ ဗ. က. သ ခေါင်းဆောင်များရှိနေခဲ့ကြပါသည်။ ကျွန်တော်တို့ ပဲခူးမြို့ဝန်းကျင်ဇရိယာတွင် ပုန်းရှောင်နေခဲ့ကြသည်။ ရန်ကုန်ပြန်ရမည်။ ပဲခူး-သနပ်ပင်၊ စစ်တောင်းမြစ်မှတစ်ဆင့်သထုံကို ဖြတ်ကာ ထိုင်း-မြန်မာ နယ်စပ်ကို ထွက်ခွာမည်လော။ ဆုံးဖြတ်ချက်ချရခက်နေသည်။ ဝင်းမိုး၊ အောင်နိုင်တို့ကထိုင်း မြန်မာနယ်စပ်သို့ရောက်သွားခဲ့လေပြီ။ စက်တင်ဘာ (၃၀) ရက်တွင် ဗိုလ်မှူးချုပ်ဟောင်းဦးအောင်ကြီး၊ဗိုလ်ချုပ်ကြီးဟောင်း ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ဦးဆောင်ကာ NLD ကို ရွေးကောက်ပွဲကော်မရှင်မှာနိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခဲ့ကြသည်။ ပထမဆုံးမှတ်ပုံတင်သည့်ပါတီမှာ ဦးသုဝေဦးဆောင်သော ဒီမိုကရေစီပါတီဖြစ်သည်။ (ဗိုလ်ချုပ်ကြီးစောမောင်၊ ဦးဆောင်သော န. ဝ. တ အစိုးရက မကြာမီ ပါတီစုံအထွေထွေရွေးကောက်ပွဲကျင်းပပေးမည်ဟုကြေညာပြီးရွေးကောက်ပွဲကျင်းပပွဲရေးကော်မရှင်ကို ဦးဘငွေး၊ စောကြာဒိုး၊ ဦးကျော်ညွှန့်စသည်တို့ဖြင့် ဖွဲ့စည်းပေးခဲ့သည်။)

ကျွန်တော်တို့ဗ. က. သခေါင်းဆောင်များလည်း ပဲခူးနယ် တစ်ပိုက်တွင် ပုန်းအောင်းနေပြီ။ ထိုင်းနိုင်ငံသို့ထွက်ခွာရန် လမ်းကြောင်းနှင့် လုံခြုံရေးအခြေအနေကို လေ့လာအကဲခတ်နေစဉ် NLD က နိုင်ငံရေးပါတီမှတ်ပုံတင်ကြောင်းကြေညာသဖြင့် ရန်ကုန်လှည့်ပြန်ရန်စဉ်းစားခဲ့ရတော့သည်။ ၁၉၈၈ အောက်တိုဘာလ ဆန်းပိုင်းတွင် မင်းကိုနိုင်၊ ကိုကိုကြီး၊ မိုးသီးဇွန် အစရှိသော ကျွန်တော်တို့ ဗကသ ခေါင်းဆောင်များ ရန်ကုန်မှာ ပြန်စုစည်းနိုင်ခဲ့ပြီး ချင်းချောင်းရိပ်သာအနီး သစ်ခွခြံထဲ၌ အဓိကအစည်းအဝေး တစ်ရပ်ကျင်းပပြီး ဗကသ အဖွဲ့ချုပ်အား လမ်းသုံးသွယ်ခွဲပြီး လှုပ်ရှားကြရန် ဆုံးဖြတ်ခဲ့ကြသည်။ (၁) ဗကသအဖွဲ့ချုပ်ကိုယ်စားမြေပေါ်တွင် တရားဝင် နိုင်ငံရေးပါတီတစ်ရပ်ဖွဲ့ရန်၊ (လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ DPNS) (၂) နယ်စပ်သို့ထွက်ခွာပြီး ကျောင်းသား စစ်တပ် တစ်ရပ် ထူထောင်ရန် (ABSDF ဖြစ်လာသည်) (၃) ABFSU မြေအောက် ဗကသ အဖွဲ့ချုပ်ကို မြေအောက်တွင်ပင် ဆက်လက်ထားရှိရန်တို့ဖြစ်သည်။

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအမည်ဖြင့် မှတ်ပုံတင်ရာတွင် ပါတီမူဝါဒများကို CEC ဝင်းမြင့်နိုင်၏အိမ်တွင်ရေးဆွဲခဲ့ကြသည်။ ပထမတွင် ပါတီ၏သဘာပတိအဖွဲ့ဥက္ကဋ္ဌမှာ မင်းကိုနိုင်ဖြစ်သည်။ ပါတီ CEC ဥက္ကဋ္ဌမှာ မိုးသီးဇွန်ဖြစ်သည်။ သက်ထွန်းက ဒုဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးမှာ ကျွန်တော် (မိုးဟိန်း) ဖြစ်သည်။ ရဲနိုင်အောင်က တွဲဖက်အထွေထွေရေးမှူးနှင့် ဂျင်မီ၊ ယဉ်ထွေး၊ ဝင်းမြင့်နိုင်၊ တင်ထွန်းအောင်တို့က CEC များဖြစ်ကြသည်။ အောက်တိုဘာလ ၁၄ ရက်နေ့ည ၈ နာရီ သတင်းကြေညာလျှင် ကျွန်တော်တို့ပါတီကို တရားဝင်ခွင့်ပြုကြောင်း ကြေညာတော့မည်ဖြစ်သည်။

၎င်းအောက်တိုဘာလ ၁၄ ရက်နေ့ ညနေ ၅ နာရီခန့်တွင် မင်းကိုနိုင်က ဖုန်းဆက်လာပါသည်။ သူ့အနေဖြင့် လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ (ဗကသမြေပေါ်ပါတီ) ၏ သဘာပတိအဖွဲ့ဥက္ကဋ္ဌအဖွဲ့တွင်နေသည်ကို ဖယ်ရှားပေးပါရန်နုတ်ထွက်လိုပါသည်ဟု မေတ္တာရပ်ခံလာသည်။ ဖျောင်းဖျ၍လည်းမရ။ မင်းကိုနိုင်၊ကျွန်တော်၊ မိုးသီးဇွန်နှင့် CEC များတစ်နေရာမှာ အရေးပေါ်ဆုံတွေ့ကြရသည်။ မင်းကိုနိုင်ကသူသည် မကသ အဖွဲ့ချုပ်တည်းဟူသော သမိုင်းဝင်သင်္ဘောကြီးတစ်စီး၏မာလိန်မှူးကပ္ပတိန်နှင့် တူကြောင်း၊ ၎င်းသင်္ဘောကြီးမှာ ယခုအခါ ပင်လယ်ထဲသို့ နစ်မြုပ်နေပြီဖြစ်ကြောင်း၊ ၎င်းနစ်နေသော သင်္ဘောကြီးနှင့် အတူ မာလိန်မှူးမှာ လိုက်ပါသွားရမည်သာ ဖြစ်ကြောင်း၊ ၎င်းသည် သင်္ဘောကြီးကို စွန့်ခွာကျန်နေရစ်ရန်အတွက် သူမှာမဖြစ်နိုင်ပါကြောင်း၊ ထို့ကြောင့် မြေအောက် ဗကသအဖွဲ့ချုပ်ထဲတွင်ပင် သူနေရစ်ခဲ့လိုကြောင်း ဥပမေယျများဖြင့်ခိုင်းနှိုင်းကာ အတင်းအကျပ် သူ့အမည်ထုတ်ပေးရန် တစာစာပြောနေလေတော့သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# စစ်အစိုးရ၊ စစ်တပ်နှင့်မြန်မာနိုင်ငံ





**ပစ်တိုင်းထောင်**

စစ်အစိုးရဆိုသည်မှာ စစ်တပ်မှလာသောအဖွဲ့အစည်းဖြစ်ပါသည်။ စစ်တပ်ဆိုသည်မှာ စစ်သားများဖြင့် ဖွဲ့စည်းထားပြီးအရပ်သားများမပါရှိပါ။ စစ်တပ်၏ အခြေခံအကျဆုံးမူရင်းတာဝန်မှာစစ်တိုက်ရန်ဖြစ်ပါသည်။ တရားသောစစ်၊ နယ်ချဲ့ကျူးကျော်စစ်စသည်တို့မှာ နောက်ပိုင်းကျမှ သရုပ်ခွဲလာကြခြင်းဖြစ်ပါသည်။ စစ်တိုက်သည်ဆိုသည်မှာ တစ်ဖက်နှင့်တစ်ဖက်ပစ်ခတ်သတ်ဖြတ်၍ ပြိုင်ဘက်ကို ဒူးထောက်အညံ့ခံစေပြီးအနိုင်ယူသိမ်းပိုက်ခြင်းဖြစ်ပါသည်။ ရလဒ်မှာစစ်နိုင်သည်၊ စစ်ရှုံးသည်ဟုအဖြေထွက်ပါသည်။ စစ်တိုက်လျှင် တစ်ဖက်နှင့် တစ်ဖက်သတ်ဖြတ်ကြသောကြောင့် သေကြေ၊ ဒဏ်ရာရ၊ ခြေပြတ်လက်ပြတ်လူစဉ်မမီသည်များဖြစ်တတ်ပါသည်။ လူမှန်လျှင် မသေလိုကြပါ။ အသက်ရှည်လိုကြပါသည်။ စစ်တိုက်သည်ဆိုသည်မှာ သေနိုင်သည့်နေရာသို့သွားကြရခြင်းဖြစ်ပါသည်။

ရန်သူရှိသောတောင်ကုန်းကိုတက်လျှင် ရန်သူကသေနတ်ဖြင့် ဆီးကြိုပစ်ခတ်ပါမည်။ သို့ဖြစ်၍ စစ်တိုက်သည့်အခါ စစ်ဗိုလ်ကလက်အောက်စစ်သည်များကို ဒီမိုကရေစီကျင့်စဉ်အရ ဤတောင်ကုန်းကို တက်တိုက်ရန်သင့်၊ မသင့်ဆန္ဒဖော်ထုတ်မဲခွဲဆုံးဖြတ်နေ၍မရပါ။ အမိန့်ဖြင့်တက်ခိုင်းရပါသည်။ အရေးနိမ့်၍ ဆုတ်ခွာရလျှင်လည်းစစ်သည်အများစုလွတ်မြောက်နိုင်ရေးအတွက်အသေခံခုခံမည့်သူကို တာဝန်ပေး၍ စတေးရပါသည်။ သို့ဖြစ်၍ စစ်ဗိုလ်များသည်လုပ်ငန်းသဘာဝအရ စိတ်ဓာတ်မာကျောရန် အခြေအနေများကိုက တောင်းဆိုထားပါသည်။ အားလုံးကို သနားနေပြီး စတေးခံ၍ ခုခံမည့်သူကို မရွေးချယ်လျှင်ရန်သူလိုက်၍မီလာပြီး မိမိလက်ကျန်တပ်တစ်ခုလုံးဝိုင်းပတ်ချေမှုန်းခြင်းခံရပါမည်။

စစ်တပ်ဆိုသည်မှာ လူတိုင်းလက်နက်များကိုဆောင်ထားသည့်စိတ်ဓာတ်နှင့် ခန္ဓာကိုယ်မာကျောသူများကိုစစ်မြေပြင်တွင်လိုက်နာဆောင်ရွက်အောင်အုပ်ချုပ်ကွပ်ကဲရသည်ဖြစ်ရာတစ်သွေးတစ်သံတစ်မိန့်စနစ်ကိုကျင့်သုံးကြစမြဲဖြစ်ပါသည်။ တက်တိုက်ခိုင်းချိန်မှာ မိမိသဘောဖြင့်ပြန်ဆုတ်လာသောသူများကို ကွန်မြူနစ်နိုင်ငံနှင့် အဖွဲ့များ၌ ယနေ့တိုင်နေရာမှာပင် ပစ်သတ်လေ့ရှိပါသည်။ ဒီမိုကရေစီနိုင်ငံများက စစ်မြေပြင်စစ်တရားရုံးဖြင့် စစ်ဆေး၍ယခင်ကသေဒဏ်ပေးပြီးယခုနောက်ပိုင်းထောင်ချပါသည်။ စစ်မြေပြင်တွင် စစ်ဗိုလ်များသည် အာဏာစက်ပြင်းပါသည်။

စစ်မြေပြင်အစားအသောက်၌ အမဲမစား၊ ဝက်မစားမရှိပါ။ ပေးတာယူ၊ ကျွေးတာစား၊ ခိုင်းတာလုပ်ဖြစ်ပါသည်။ ကျွေးတာမစားလျှင် မိမိသဘောဖြင့် အငတ်ခံရန်သာရှိပါသည်။ မည်သူကမျှ ချော့၍ကျွေးမည်မဟုတ်ပါ။ အသားမစား၍ သံဓာတ်ချို့ယွင်းပြီး အပင်ပန်းမခံနိုင်လျှင် မည်သူကမျှသနားမည်မဟုတ်သည့်အပြင် အခြားသူများက ထိုစစ်သည်၏စိတ်အလိုလိုက်မှုကို ကျေနပ်ကြမည်မဟုတ်ပါ။ ဤပတ်ဝန်းကျင်သည် စစ်ဗိုလ်များ၏အလုပ်ပတ်ဝန်းကျင်ဖြစ်ပါသည်။

ဤသို့ဖြင့် စစ်ဗိုလ်စစ်သားဆိုသည်မှာ မူလတာဝန်ဖြစ်သောစစ်တိုက်ရမည့်အဓိကအလုပ်အတွက် ရန်သူနှင့် ရန်သူ၏ အမာခံများသာရှိသော တောတောင်များအတွင်း၌အသက်စွန့်သွားလာပြီး ဖြစ်သလိုနေ၊ ဖြစ်သလိုစားကာလက်နက်ကိုင်ထားသူများအချင်းချင်းအုပ်ချုပ်ရသည့် အခြေခံစိတ်ဓာတ်နှင့် ကိုယ်ခန္ဓာမာကျောသူများဖြစ်ကြပါသည်။ မိမိအမိန့်ပေးသည်ကို လိုက်နာမှ ကြိုက်တတ်သူ၊ အထွန့်တက်လျှင်မကြိုက်သူ၊ မိမိလုပ်နိုင်လျှင် လက်အောက်ကလည်းဖြစ်သည့်နည်းဖြင့် လုပ်နိုင်ရမည်ဟုခံယူသူ၊ ရည်မှန်းချက်တာဝန်သည်သာအဓိကဖြစ်ပြီးရန်မှန်းချက်အောင်မြင်ရန် ခံစားချက်ကိုလျစ်လျူရှုတတ်သူများဖြစ်ကြပါသည်။

တစ်ဖန်စစ်သားဆိုသောပုဂ္ဂိုလ်များသည်စစ်မြေပြင်၌ ကျောပိုးအိတ်တစ်လုံးဖြင့်သာ အခြေခံဘဝကိုစခဲ့ကြသူများဖြစ်ကာဖြစ်သလိုအိပ်ပြီး ကြုံသလိုစားရမှုကို ယဉ်ပါးနေသည့်အပြင်စည်းစိမ်ဖြင့်နေထိုင်စားသောက်ခြင်းကို အလုပ်သဘောအရကိုက ယစ်မူးမသွားရအောင်ထိန်းသိမ်းနေကြရသူများဖြစ်နေပါသည်။ ရန်သူထက်အကြမ်းခံအပင်ပန်းခံနိုင်စေရန် စစ်တပ်တွင် တစ်ဦးချင်းအစဉ်တစိုက်ထိန်းသိမ်းလေ့ကျင့်နေကြသူများဖြစ်ကြပါသည်။

ဤကဲ့သို့စိတ်သဘောထားခံယူချက်များကို ဆုပ်ကိုင်ထားသော ပုဂ္ဂိုလ်များဖြင့်စုဖွဲ့ထားသော စစ်အစိုးရတစ်စုကိုဖွဲ့စည်းတည်ထောင်လိုက်သောအခါတိုင်းသူပြည်သားအရပ်သူအရပ်သားများဖြင့် ထိတွေ့ဆက်ဆံကြရပါတော့သည်။ စစ်ဗိုလ်ကြီးများသည် စစ်ဗိုလ်အကျင့်ပါနေလျက်ရှိရာ ငါပြောတာလုပ်၊ အထွန့်မတက်နှင့်စနစ်ကိုအရပ်သားဝန်ထမ်းများအပြင်တိုင်းသူပြည်သားများအပေါ် ကျင့်သုံးလာသည့်အခါတိုင်းသူပြည်သားဆိုသည်မှာလည်း သူ့ဆန်စားရဲမှ ပုဂ္ဂိုလ်များမဟုတ်ဘဲ ကိုယ့်ဝမ်းကိုယ်ကျောင်းနေကြသည့် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်စားသောက်နေကြသူများဖြစ်ရာပြဿနာတက်ပါတော့သည်။ တိုင်းသူပြည်သားများက မကျေနပ်သဖြင့် ဆန္ဒပြကြသည့်အခါ စစ်ဗိုလ်ကြီးများက အာဏာဖီဆန်မှုဟုရှုမြင်ကြပြီး လက်နက်ကိုင်ထိန်းသိမ်းစေရာကမ္ဘာ့အမြင်တွင်စစ်အစိုးရကဖိနှိပ်သည်ဟူ၍ ဖြစ်လာပါသည်။ အမှန်တကယ်လည်း လက်နက်စွဲကိုင်ထားသူနှင့် လက်နက်မဲ့သူတို့ရင်ဆိုင်ကြခြင်းဖြစ်ရာ ကမ္ဘာကဤသို့ဆွဲချက်တင်သည်မှာသဘာဝကျလှပါသည်။

စစ်တပ်အစိုးရများသည်စစ်တပ်အကျင့်စရိုက်များပါလာကြပါသည်။ စစ်တပ်တွင်ရည်မှန်းချက်တာဝန်တစ်ရပ်ကို ဆောင်ရွက်ရာ၌ အဂ္ဂမဟာဗျူဟာရည်မှန်းချက်ကို စစ်ဦးစီးချုပ်ကဗိုလ်ချုပ်ကြီးအဆင့်ရှိသူများကိုသာအသိပေးပါသည်။ မဟာဗျူအဆင့်ကိုဗိုလ်ချုပ်နှင့် ဗိုလ်မှူးကြီးများကိုသာအသိပေးပါသည်။ နည်းဗျူဟာကို ဒုတိယဗိုလ်မှူးကြီးနှင့် ဗိုလ်မှူးများသာသိရှိရပါသည်။ ရည်မှန်းချက်တာဝန်ကြီးတစ်ရပ်လုံးကိုအဆင့်အတန်အားလုံးထံချပြရှင်းပြခြင်းမရှိပါ။ အသက်များနှင့်ရင်း၍ဆောင်ရွက်ရသောကြောင့် လျှို့ဝှက်ရခြင်းလည်းဖြစ်ပါသည်။ ဤအကျင့်သည် စစ်အစိုးရတွင်ပါရှိလာပြီး အရာခပ်သိမ်းကိစ္စအဝဝကို တိုင်းသူပြည်သားများထံချပြသည့်အလေ့အကျင့်မရှိပါ။ အသက်နှင့်ရင်းရသောစစ်တပ်ကိစ္စလုပ်ထုံးလုပ်နည်းများဖြင့် ရောနှောကာရှုပ်ထွေးကုန်ပါသည်။ လုပ်နည်းကိုင်ဟန်များလွဲချော်ပါသည်။ တိုင်းသူပြည်သားများသည်စစ်သားများမဟုတ်ကြသည်ကိုသတိမထားမိတော့ပါ။ နိုင်ငံတစ်နိုင်ငံတွင် စစ်တပ်သည်ပြည်သူလူထုနှင့် နှိုင်းယှဉ်လျှင်လူနည်းစုလေးသာဖြစ်ပါသည်။ အများစု၏သဘောဆန္ဒနှင့်အကျိုးကိုရှေ့တန်းတင်ရမည်ဖြစ်ပါသည်။

ဆင်း ရဲသည့်ဒဏ်ကိုသာ
ခံနိုင်အောင်
လေ့ကျင့်ထားသည့်
စစ်ဗိုလ်စစ်သားသည်
ချမ်းသာသည့် ဒဏ်ကို
မခံနိုင်ကြပါ။ အနေးနှင့်
အမြန်ဆိုသလို
ကောင်းမွန်သည့် ရည်ရွယ်ချက်
များ မှေးမှိန်လာပြီး
အာဏာတည်မြဲရေးအတွက်
အာဏာရှင်စနစ်
ဖြစ်လာပါသည်။
နိုင်ငံနစ်နာလှပါသည်။

စစ်အစိုးရတွင် စစ်ဗိုလ်များသည် နိုင်ငံ၏ခေါင်းဆောင်ရာထူး၊ ဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်ရာထူးများကိုယူ၍ နိုင်ငံ၏အရေးကိစ္စများကိုဆောင်ရွက်ကြပါသည်။ ကာကွယ်ရေးဝန်ကြီးဌာနတစ်ခုတည်း၏ ဘဏ္ဍာရေးမှသည်တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သောဘဏ္ဍာရေးစီမံခန့်ခွဲမှုအခွင့်အာဏာကို ရရှိလာပါသည်။ နိုင်ငံ၏ သယံဇာတပစ္စည်းမှန်သမျှကို စီမံခန့်ခွဲနိုင်သည့်အခွင့်အရေးကို ရရှိလာပါသည်။ တပ်ထဲတွင် တစ်သက်လုံးကြုံတွေ့ခဲ့ရသည့်သတိဆွဲရုပ်၊ မတ်မတ်ထိုင်၊ လိုရင်းသာပြောပတ်ဝန်းကျင်မှသည်ဖွဲ့ဖွဲ့နွဲ့နွဲ့နှင့် အကြိုက်ပေးပြောဆိုတတ်သည့်ဝန်းကျင်အသစ်နှင့် ထိတွေ့လာရပါသည်။ ခရီးသွားသည့်အခါများတွင်လည်း တစ်သက်လုံးလမ်းလျှောက် စစ်ကားစီးဘဝမှနေ၍ လေယာဉ်၊ မီးရထားအထူးတွဲ၊ ပါဂျဲရိုးကားများနှင့် ဖြစ်လာရာ ဤဘဝကိုသာယာလာပါသည်။ မက်မောလာပါသည်။

ဆက်ဆံရသည့်ပတ်ဝန်းကျင်မှာလည်း စစ်ဖိနပ်သံခွာကို ဖနောင့်ချင်းဖြောင်းခနဲရိုက်၊ အလေးပြု၊ လိုရင်းတိုရှင်းတင်ပြမှုများ မဟုတ်တော့ဘဲ သနပ်ခါးနဲ့ ရေမွှေးနံ့သင်းသင်းလေးဖြင့် ယဉ်ယဉ်ကျေးကျေးရွှဲ့တွန့်တွန့် အမူအရာတင်ပြမှုများမှာ စိတ်နှလုံးကိုများစွာသာယာကြည်နူးစေလျက်ရှိ၍ဤဘဝကိုစွန့်လွှတ်ရန်ဝန်လေးလာစေပါသည်။

စစ်တပ်မှန်သမျှသည်စစ်အစိုးရကို စတင်ဖွဲ့စည်းသည့်အချိန်တွင် ရည်ရွယ်ချက်ကောင်းများဖြင့် ဖွဲ့စည်းခဲ့ကြသည်ချည်းသာဖြစ်ကြပါသည်။ သို့သော် ဆင်းရဲသည့်ဒဏ်ကိုသာခံနိုင်အောင်လေ့ကျင့်ထားသည့်စစ်ဗိုလ်စစ်သားသည်ချမ်းသာသည့်ဒဏ်ကိုမခံနိုင်ကြပါ။ အနေးနှင့်အမြန်ဆိုသလိုကောင်းမွန်သည့်ရည်ရွယ်ချက်များမှေးမှိန်လာပြီး အာဏာတည်မြဲရေးအတွက် အာဏာရှင်စနစ်ဖြစ်လာပါသည်။ နိုင်ငံနစ်နာလှပါသည်။

စစ်အစိုးရ မကောင်းဟုဆိုလျှင် စစ်အစိုးရ၏ဇာစ်မြစ်ဖြစ်သောစစ်တပ်ကိုမည်သို့သဘောဖြင့်ရှုမြင်သင့်သနည်းဟူသောမေးခွန်းကိုမေးစရာဖြစ်လာပါသည်။ မည်သည့်စစ်တပ်မဆိုစစ်တပ်အလုပ်ကိုလုပ်ကိုင်နိုင်ရန်တောင့်တင်းခိုင်မာရန်လိုအပ်ပါသည်။ စာရေးသူတို့၏မြန်မာနိုင်ငံတွင် တပ်မတော်ခေါ် စစ်တပ်သည်မြန်မာနိုင်ငံတော်လွတ်လပ်ရေးရစဉ်ကတည်းက ရောင်စုံသောင်းကျန်းသူ၊ တရုတ်ဖြူ၊ ဗကပစသည့်လက်နက်ကိုင်မျိုးစုံဖြင့် ရင်ဆိုင်တိုက်ပွဲဝင်ခဲ့ကြရပါသည်။ မြန်မာနိုင်ငံကို အနှစ် ၅၀ နီးပါးစစ်အစိုးရကအုပ်ချုပ်ခဲ့ပြီး စစ်အစိုးရ၏မူဝါဒအရပြည်တွင်း ဆူပူသောင်းကျန်းမှုသတင်းများကိုပြည်သူအားပြည့်ပြည့်စုံစုံအသိပေးခြင်းမရှိခဲ့ပေ။ သို့ဖြစ်၍ ပြည်သူကလည်းမြန်မာ့တပ်မတော်အနေဖြင့် မည်မျှထိခိုက်ကျဆုံးခံပြီး မည်သို့တိုက်နေရသည်ကိုမသိကြပါ။

ဤကြားထဲတွင် မီဒီယာပညာကိုအလွန်မှပင်ကျွမ်းကျင်နိုင်နင်းလှသောပြည်ပမီဒီယာများက မြန်မာ့တပ်မတော်သားများသည်မုဒိမ်းကောင်များဖြစ်ပြီး ကလေးများကိုလည်း လူမဆန်စွာစစ်သားအဖြစ်စေခိုင်းအသုံးပြုနေကြကြောင်းသတင်းလွှင့်ပေးလျက်ရှိရာ မြန်မာနိုင်ငံသူနိုင်ငံသားများကိုယ်၌က မိမိတို့၏တပ်မတော်အပေါ် ယုံထင်ကြောင်ထင်ဖြစ်ကာလေးစားသည့်စိတ်လျော့ပါးလာပါသည်။ စစ်တပ်အစိုးရ၏မြို့ပေါ် စစ်ဗိုလ်များကောင်းစားနေကြသည်ကိုပြည်သူများကိုယ်တိုင်မြင်တွေ့နေကြရသဖြင့် ပြည်သူ၏စစ်တပ်မပေါ် သံသယကိုပွားများစေပါသည်။ ပါလီမန်ဒီမိုကရေစီခေတ်နှင့် ဖဆပလခေတ်ဦးပိုင်းက ကိုယ်ကျိုးမငဲ့၊ လောဘဇောကင်းမဲ့ပြီး အမှန်တရားဘက်က အစဉ်ရပ်တည်ပေးသူ 'တော်လှန်ရေးပြန်ရဲဘော်ကြီး' 'စစ်ပြန်ကြီး' ဆိုသောပြယုဂ်နှင့် ယုံကြည်အားကိုးမှုစိတ်များသည်မှေးမှိန်လာပါသည်။ စစ်တပ်ဆိုသည်မှာ အင်အားသိန်းဂဏန်းရှိပြီးမတစ်ထောင်သားများဖြင့်ဖွဲ့စည်းထားသည်ဖြစ်ရာဆွမ်းဆန်ထဲကြွက်ချေးရောဆိုသောစကားကဲ့သို့စုန်းပြူးအချို့လည်းကြားညပ်ပါလာတတ်ပါသည်။ မုဒိမ်းမှုများတွင် ပြည်ပမီဒီယာများကလည်း ရေငုံကာမသိကျိုးကျွန်ပြုနေကြပြီး တပ်မတော်ကိုယ်၌ကလည်းတရားဝင်ထုတ်ပြန်ခြင်းမပြုဘဲထားသည့်အချက်မှာ မုဒိမ်းမှုအပြစ်သားကိုအရေးယူဆောင်ရွက်ပုံပင်ဖြစ်ပါသည်။ စစ်တရားရုံးဖြင့် စစ်ဆေးသောမုဒိမ်းအမှုတိုင်းတွင် တရားခံကိုသေဒဏ်ပေးသည်ချည်းသာဖြစ်ပါသည်။ ၁၉၈၀ ဝန်းကျင်နှစ်များက တပ်တော်တပ်ရင်းဌာနချုပ်အချို့ကို သောင်းကျန်းသူကစီးနင်းမိခဲ့သည့်အခါများအတွင်းက တပ်တွင်း၌နေထိုင်သောရဲမေများကြုံတွေ့ခဲ့ရသည့်ကံကြမ္မာကိုတော့ပြည်ပမီဒီယာများကနှုတ်ပိတ်နေခဲ့ကြပါသည်။

*ဆက်လက်ဖော်ပြပါမည်။*

HOT NEWS
Vol - 3, No - 123, 3 - 9 Jan, 2013

# မြန်မာ့လွတ်လပ်ရေး စာချုပ်များ ပြည်တွင်းစစ်နှင့် ပြည်တွင်း ငြိမ်းချမ်းရေး



မျိုးညွန့်

*(ယခင်အပတ်မှအဆက်)*

အထက်တွင် အပြည့်အစုံ ဖော်ပြထားသော 'အောင်ဆန်း-အက်တလီ' စာချုပ် သဘောတူ လက်မှတ်ရေးထိုးသည့်အခြေသို့ ရောက်အောင် ဆောင်ကြဉ်းခဲ့ရသည့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်ချက်များကား ကြီးမားလှပါသည်။ စိန်ခေါ်မှုများ၊ အခက်အခဲများကို ရင်ဆိုင် ကျော်လွှားခဲ့ရသည်။ ၎င်းတို့အနက် အကြီးမားဆုံး စိန်ခေါ်မှု တစ်ခုမှာ ဦးအောင်ဆန်းနှင့် ဝန်ကြီးချုပ် အက်တလီတို့ လန်ဒန်တွင် လွတ်လပ်ရေး စာချုပ် ဆွေးနွေးနေစဉ် တောင်တန်းဒေသမှ ရှမ်းစော်ဘွားများက "ဦးအောင်ဆန်း ခေါင်းဆောင်သောအဖွဲ့သည် ၎င်းတို့ကို ကိုယ်စားမပြု၊ သို့ဖြစ်၍ လွတ်လပ်ရေးကိစ္စ ဆွေးနွေးရာတွင် ၎င်းတို့ တောင်တန်းဒေသ ကိုယ်စားလှယ် အဖြစ် အသိအမှတ်ပြုဆွေးနွေးခြင်း မပြုပါရန်. . ." စသည်ဖြင့် ဖော်ပြပါရှိသော ကြေးနန်းစာတစ်စောင်ကို ဗြိတိသျှအစိုးရထံ ပေးပို့ခဲ့မှုဖြစ်လေသည်။ ဦးအောင်ဆန်းတို့အတွက် ဧရာမပြဿနာကြီးဖြစ်လေတော့သည်။ ဝန်ကြီးချုပ်အက်တလီတို့ကထိုကြေးနန်း အကြောင်းပြု၍ ဆက်လက် ဆွေးနွေးရန်ပင် အင်တင်တင် အမူအရာများ ပြသလာလေသည်။ ထိုသို့သော စိန်ခေါ်မှုကြီးကို ဦးအောင်ဆန်းတို့ ရင်ဆိုင်နေရစဉ် ရှမ်းပြည်နယ်များ(ထိုစဉ်က အခေါ် Shan States) မှ ရှမ်းလူထု ခေါင်းဆောင်များ ဖြစ်ကြသော ဦးထွန်းအေး၊ ဦးထွန်းမြင့် စသူတို့ ခေါင်းဆောင်လျက် တောင်ကြီးမြို့တွင် လူထုစည်းဝေးပွဲကြီးတစ်ခု ကျင်းပခဲ့သည်။ ရှမ်းပြည်အရပ်ရပ်မှ လူထု တစ်သိန်းခန့် တက်ရောက်သည့် ထိုလူထုစည်းဝေးပွဲမှ လန်ဒန်ရောက် ဦးအောင်ဆန်းတို့ ကိုယ်စားလှယ်အဖွဲ့ကို တစ်ခဲနက်ထောက်ခံကြောင်း၊ ရှမ်းလူထုကြီး၏ ကိုယ်စားလှယ် ဖြစ်ကြောင်း ကန့်ကွက်သူမရှိ အဆိုတင်၊ ထောက်ခံ၊ ဆုံးဖြတ်ချက်ချပြီး ထိုဆုံးဖြတ်ချက်ကို ဗြိတိသျှအစိုးရအဖွဲ့နှင့် ဝန်ကြီးချုပ် အက်တလီတို့ထံ သံကြိုးရိုက်စာပေးပို့ခဲ့သည်။ ထိုအခါကျမှ ဗြိတိသျှအစိုးရ ကိုယ်စားလှယ်အဖွဲ့က မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာ့လွတ်လပ်ရေး ကိစ္စကို ဆက်လက်ဆွေးနွေးခဲ့လေသည်။

သို့ဖြင့် အထက်တစ်နေရာတွင် ဖော်ပြခဲ့သကဲ့သို့ တိုင်းပြုပြည်ပြု လွှတ်တော်ခေါ်ဆိုရေးအတွက် ရွေးကောက်ပွဲကျင်းပရန်ကိစ္စ အကူးအပြောင်းကာလ အစိုးရသဏ္ဍာန်၊ ကြားဖြတ်အစိုးရကိစ္စ၊ နိုင်ငံခြားရေး၊ နယ်ခြားဒေသ အရေး၊ ဘဏ္ဍာရေးကိစ္စ စသည့် အနာဂတ်လွတ်လပ် မြန်မာ့အထူးကိစ္စများကို အပေးအယူ အလျှော့အတင်း အမျိုးမျိုးဖြင့် အမြော်အမြင်ကြီးမား ပါးနပ်လိမ္မာ ကျင်လည်စွာ စိတ်ရှည်ဖွဲ့ရှိ သည်းခံစွာ၊ ဖြတ်သန်းသဘောတူညီချက်များ ရပြီးချိန်တွင်မှ ပြဿနာကြီးတစ်ရပ် ပေါ်ပေါက်ပြန်လေသည်။ ပြဿနာမှာ ထိုသို့ ရရှိလာသည့်သဘောတူညီချက်များအရလွတ်လပ်ရေးစာချုပ်လက်မှတ်ရေးထိုးပြီး ချက်ချင်း ကမ္ဘာသိကြေညာရမည်ဟု မြန်မာကိုယ်စားလှယ်အဖွဲ့ကတောင်းဆိုသည်။ဝန်ကြီးချုပ် အက်တလီတို့က ထိုသို့လုပ်၍မဖြစ်ကြောင်း၊ နှစ်ဖက်ဆွေးနွေး သဘောတူညီချက်များကို ဗြိတိသျှပါလီမန်သို့ အစိုးရအဖွဲ့ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဝန်ကြီးက အပြည့်အစုံတင်ပြရမည်ဖြစ်ကြောင်း၊ ပါလီမန်က သဘောတူဆုံးဖြတ်အတည်ပြုမှ စာချုပ်အတည်ဖြစ်ပြီး သတင်းဌာနများသို့ ထုတ်ပြန်ပြီး ကမ္ဘာသိကြေညာရမည်ဖြစ်ကြောင်း၊ ဤသည်မှာ ထုံးတမ်းစဉ်လာအတိုင်း ဆောင်ရွက်ရမည့်ဖြစ်စဉ်ဖြစ်ကြောင်း၊ အခြားမည်သည့်မကောင်းသည့် အကြံအစည်တစ်စုံတစ်ရာမျှ မရှိပါကြောင်း စသည်ဖြင့် အကြိမ်ကြိမ် ရှင်းပြသော်လည်း ဦးအောင်ဆန်း၊ သခင်မြစသည့်မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက လက်မခံဘဲ ချက်ချင်း ကြေညာပေးရမည်ဟု တင်းတင်းမာမာ တောင်းဆိုနေခဲ့လေသည်။ ထိုအခါ အကြံရကျပ်နေသော ဗြိတိသျှအစိုးရက မြန်မာကိုယ်စားလှယ်အဖွဲ့ကို ထိုစဉ်က ဝါရင့်မြန်မာနိုင်ငံရေး ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးဘဘေ (ဘကြီးဘဘေ)အား လန်ဒန်သို့ ခေါ်ယူတိုင်ပင်လျှင် သင့်မြတ်ပါမည်ဟု အကြံပြုတိုက်တွန်းလေသည်။ ဦးအောင်ဆန်းတို့လည်း ထိုအကြံပြုချက်ကို လက်ခံပြီး ဘကြီးဘဘေကို လန်ဒန်သို့ အမြန်လိုက်လာရန် သံကြိုးရိုက်ခေါ်ယူရလေသည်။ (ဘကြီးဘဘေမှာ ဦးအောင်ဆန်းတို့ ကိုယ်စားလှယ်အဖွဲ့တွင် မူလကပင် အဖွဲ့ဝင်အဖြစ် လိုက်ပါရန် ဖ. ဆ. ပ. လအဖွဲ့ချုပ်က ဆုံးဖြတ်တာဝန်ပေးထားခံရပြီး ဖြစ်သော်လည်း သူ့ဇနီးသည် အသည်းအသန်နေမကောင်းဖြစ်နေသဖြင့် တောင်းပန်နေရစ်ခဲ့သူဖြစ်သည်-စကားချပ်) ထိုအခါ ဘကြီးဘဘေသည် အသည်းအသန်ဖျားနေသူ ဇနီးသည်ကို ဆရာဝန်သုံးဦးအား အထူးပင့်ခေါ်အပ်နှံပြီး ချက်ချင်း လန်ဒန်သို့ လိုက်ပါလာခဲ့လေသည်။

ဘကြီးဘဘေ လန်ဒန်ရောက်၍ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဗြိတိသျှအစိုးရအကြား အငြင်းပွားနေသည့် ပြဿနာကို ကြားသိရသောအခါ ဘကြီးက "ဗြိတိသျှ အစိုးရအဖွဲ့၏ ရှင်းလင်းပြောကြားချက်များ မှန်ပါသည်။ မြန်မာ့လွတ်လပ်ရေးကိစ္စကို အံ့ထိုးအံ့ဝှက်လုပ်လို၍ ကလီကမာလုပ်လို၍မဟုတ်၊ မြန်မာ့လွတ်လပ်ရေးစာချုပ်ကိစ္စကို သူတို့ ပါလီမန်သို့ တင်ကို တင်ပြရမည်ဖြစ်သလို ကျိန်းသေလည်း အတည်ပြုချက်ရမည်ဖြစ်သည်။ ထိုတင်ပြချက် ရှုံးသွားလျှင် အစိုးရပါ ပြုတ်ကျသွားမှာ ဖြစ်သည်။ အစိုးရပြုတ်ကျခံပြီး မြန်မာ့လွတ်လပ်ရေး စာချုပ်ကို ပျက်ပြယ်အတည်မဖြစ်အောင် လုပ်မည်မဟုတ်ဟု အသေအချာ အပြည့်အစုံရှင်းပြတော့မှ ဦးအောင်ဆန်း၊ သခင်မြတို့ သဘောပေါက်သွားကြပြီး ဗြိတိသျှအစိုးရအစီအစဉ်ကို လက်ခံလေတော့သည်။ သို့နှင့် 'အောင်ဆန်း-အက်တလီစာချုပ်'တရားဝင်အဆုံးသတ် ပြီးပြတ်ကာ ကမ္ဘာသိ ကြေညာနိုင်ခဲ့လေသည်။ [ဤပြဿနာအဖြစ်အပျက်ကို 'မိုး'မဂ္ဂဇင်းတွင် စာဖြင့် မှတ်တမ်း တင်ထားသည်များလည်းရှိပြီးဖြစ်သည်။ ထိုစဉ်က ဦးအောင်ဆန်း၏ အကြံပေးပုဂ္ဂိုလ်အဖြစ် လိုက်ပါသွားခဲ့သူ ဦးကျော်ငြိမ်း၊ သခင်ဗစိန်၏ အကြံပေးပုဂ္ဂိုလ်အဖြစ် လိုက်ပါသွားခဲ့သူ သခင်ချစ်(ဒေးဒရဲ)တို့ကို စာရေးသူ ကြုံကြိုက်မေးမြန်းဖူးသဖြင့် ၎င်းတို့ကိုယ်တိုင် စာရေးသူအား ပြန်ပြောပြချက်များအရလည်း သိရှိခဲ့ဖူးပါသည်- စကားချပ်]

နောက်ထပ် အရေးကြီးသည့်အချက်တစ်ချက်တို့ မဖော်ပြလျှင် ပြည့်စုံမည်မဟုတ်ပါ။ ယင်းကား ဆိုခဲ့ပါ လွတ်လပ်ရေး စာချုပ် လက်မှတ်ရေးထိုးရာတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် နှစ်ဦးဖြစ်သည့် သခင်ဗစိန်နှင့် ဂဠုန်ဦးစောတို့က ပါဝင်လက်မှတ်ထိုးရန် ငြင်းဆန်ခဲ့ခြင်းပင် ဖြစ်ပါသည်။ ၎င်းတို့က သီးခြားသတင်းစာရှင်းလင်းပွဲပြုလုပ်ပြီး ". . အောင်ဆန်းတို့တစ်သိုက် မြန်မာပြည်ကို ဗြိတိသျှနယ်ချဲ့ထံ ရောင်းစားပြီ. . ."ဟုပင် စွပ်စွဲပြီး ထိုစာချုပ်ကို ရှုတ်ချခဲ့ကြလေသည်။ ထိုခေါင်းဆောင်နှစ်ဦးကားမြန်မာနိုင်ငံတွင် လက်ယာ ဒီမိုကရက်များအဖြစ် အစဉ်အလာ ထင်ရှားသော ခေါင်းဆောင်နှစ်ဦးဖြစ်လေသည်။ ထိုပုဂ္ဂိုလ်နှစ်ဦးကဲ့သို့ပင် 'အောင်ဆန်း-အက်တလီ'စာချုပ်ကို အပြင်းအထန် ဆန့်ကျင်တိုက်ခိုက်ခဲ့ကြသော မြန်မာကွန်မြူနစ်များအကြောင်းကိုမပြောလျှင် ပြည့်စုံအံ့မထင်ပါ။ ထို့မတိုင်မီ ၁၉၄၆ ခုဇူလိုင်လကပင် ကွန်မြူနစ်ပါတီကွဲသွားရာ သခင်စိုးခေါင်းဆောင်သည့် အလံနီကွန်မြူနစ်ပါတီ၊ သခင်သန်းထွန်းခေါင်းဆောင်သည့် ဗမာပြည်ကွန်မြူနစ်ပါတီဟူ၍ နှစ်ပါတီဖြစ်ခဲ့ပြီ။ သခင်သန်းထွန်း၊ သခင်သိန်းဖေ(မြင့်)တို့၏ ဗမာပြည်ကွန်မြူနစ်ပါတီကိုဖ. ဆ. ပ. လ အဖွဲ့ချုပ်ထဲမှ ၁၉၄၆ ခု ကာလတွင် စည်းကမ်း မလိုက်နာမှုများကြောင့် ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင် ထုတ်ပယ်ခဲ့ပြီးလေပြီ။ ဆိုခဲ့ပါ နှစ်ပါတီ စလုံးက 'အောင်ဆန်း-အက်တလီစာချုပ်'ကို ဆန့်ကျင်ရှုတ်ချ တိုက်ခိုက်ခဲ့ကြ၏။ ဗကပက ထိုစာချုပ်ကို 'နယ်ချဲ့သမားနဲ့ အလျှော့ပေး စေ့စပ်ချုပ်ခဲ့တဲ့ စာချုပ်ဖြစ်လို့ ပြည့်ဝတဲ့လွတ်လပ်ရေးကို ဆောင်ကြဉ်းနိုင်မည်မဟုတ်၊ အတုအယောင် လွတ်လပ်ရေးသာရလိမ့်မည်'ဟုဆို သည်။ အလံနီကမူ 'နယ်ချဲ့နောက်လိုက်အောင် ဆန်းဟာ နယ်ချဲ့သမားဆီ အချောင်သမား သိန်း-သန်းတို့နဲ့အတူ လေးဘက်တွားသွားပြီး လွတ်လပ်ရေး ဆိုတာကို တောင်းခဲ့တယ်. . ."ဟုပင် ဆိုလေသည်။ ချုပ်လိုက်သော်ထိုစဉ်ကမြန်မာ့လွတ်လပ်ရေး ကနဦးစာချုပ်ကို လက်ဝဲလက်ယာ နိုင်ငံရေးဂိုဏ်းဂဏ သူငယ်နာစွဲ ရှိသူတို့က ဝိုင်းဝန်းဆန့်ကျင်ခဲ့ကြသည်။ ဦးအောင်ဆန်းခေါင်းဆောင်သည့် ဖ. ဆ. ပ. လ ထက်ပင် တိုင်းပြည်နှင့်လူမျိုးကို ချစ်လေဟန်အယောင်ပြ၍ စင်စစ်မှာမူ 'မင်းသားကြီးမလုပ်ရ၍ ပတ်မကြီးထိုးဖောက်ရန်' ကြိုးပမ်းမှု အစပြုကြခြင်း ဖြစ်လေသည်။ အမျိုးသားလွတ်မြောက်ရေး အရေးတော်ပုံကြီးကို သစ္စာဖောက်မှု အစပြုခြင်းလည်း ဖြစ်လေတော့သည်။ ထိုသို့ 'မိုးလားကဲလား' စကားကြီး စကားကျယ် များဖြင့် 'အောင်ဆန်း-အက်တလီစာချုပ်'ကိုတိုက်ခိုက်ရှုတ်ချမှုသာ ပြုနေခဲ့ကြသော်လည်း ထိုသူမိုက်တို့သည် ဗြိတိသျှတို့က မြန်မာ့လွတ်လပ်ရေးကို ကြန့်ကြာ နှောင့်နှေးအောင်ပြုနေလျှင်မည်သို့သောနည်းဗျူဟာ မဟာဗျူဟာများဖြင့် လွတ်လပ်ရေးကို ရယူရန် တိကျ ခိုင်မာသော အစီအမံများ ရေရေရာရာ ချမှတ်ထားမှုမရှိခဲ့၊ ၎င်းတို့နှင့် ဆန့်ကျင်လျက် ဦးအောင်ဆန်းနှင့် ဖ. ဆ. ပ. လ ခေါင်းဆောင်တို့ကမူ ဦးအောင်ဆန်းတို့အဖွဲ့ လန်ဒန်မသွားမီကပင်

(က) ဒိုမီနီယံစသည့် အခြားအဆင့်အတန်းဖြင့်မဟုတ်ဘဲ လုံးဝလွတ်လပ်ရေး(Total Independence) သာ အရေးဆိုရန်။

(ခ) လုံးဝလွတ်လပ်ရေးကို ဗြိတိသျှတို့က သဘောမတူလျှင် မြန်မာပြည်တစ်ပြည်လုံးဥပဒေတွင်း တိုက်ပွဲအဖြစ် ပြည်လုံးကျွတ်လူတန်းစားစုံအထွေထွေ သပိတ်ကြီးဆင်နွှဲရန်၊ (ထိုစဉ်က) ဖ. ဆ. ပ. လ ဒုဥက္ကဋ္ဌ သခင်နုက နိုင်ငံရေး ခေါင်းဆောင်အဖြစ် တာဝန်ယူရန်။

(ဂ) သပိတ်တိုက်ပွဲကို ဗြိတိသျှတို့က အကြမ်းဖက်ဖိနှိပ်ဖြိုခွဲလာခဲ့သော် ဗိုလ်ဖိုးကွန်း(ပြည်သူ့ရဲဘော် ခေါင်းဆောင်) က လက်နက်ကိုင် ပုန်ကန်တော်လှန်ရေးကို စစ်သေနာပတိအဖြစ် ကြီးမှူးဆောင်ရွက်ရန် လျှို့ဝှက်ဆုံးဖြတ်တာဝန်သတ်မှတ်ထားပြီး ဖြစ်လေသည်။

မည်သို့ဆိုစေ အခက်အခဲ အထွေထွေ၊ စိန်ခေါ်မှုအဖုံဖုံတို့ကြားမှ မြန်မာ့လွတ်လပ်ရေး အုတ်မြစ် ဖြစ်သော 'အောင်ဆန်း-အက်တလီ စာချုပ်'ကား ပြီးမြောက်အောင်မြင်ခဲ့သည်။ ထိုစာချုပ်ကို ကန့်လန့်တိုက်သူ ပုဂ္ဂိုလ်အချို့၊ ပါတီအချို့၊ အင်အားစုအချို့မှတစ်ပါး တိုင်းရင်းသားပြည်သူအပေါင်းကမူ နှစ်ထောင်းအားရ ဝမ်းမြောက်ဝမ်းသာ ချီးမွမ်းထောမနာ ပြုကြသည်။ အလံနီတို့၏ အာဏာသစ်ဂျာနယ်၊ဗကပတို့၏ ပြည်သူ့အာဏာဂျာနယ်တို့မှအပ၊ အခြားသော စာနယ်ဇင်း အများစုကြီးက စာချုပ်ကို ထောက်ခံဂုဏ်တင် သမိုင်းမှတ်တမ်းဝင်စေခဲ့ကြသည်။ သို့နှင့် ၁၉၄၇ ဖေဖော်ဝါရီလဆန်းသော်၊ ရှမ်း၊ကချင်၊ ချင်းကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်၊ ပင်လုံမြို့လေးသို့ စုရုံးရောက်ရှိလာကြသည်။ ကရင်နှင့် ကရင်နီ(ကယား) ကိုယ်စားလှယ်တို့က လေ့လာသူများအဖြစ် ရောက်ရှိနေကြသည်။ ဖေဖော်ဝါရီလ (၁၂)ရက်နေ့၌ကား ညီလာခံ ကိုယ်စားလှယ်များက ပြည်ထောင်စုမြန်မာနိုင်ငံကို ထူထောင်ကြမည်ဟု တညီတညွတ်တည်း ဆုံးဖြတ်ကာ ပင်လုံ သဘောတူစာချုပ် ချုပ်ဆိုလျက် ပြည်ထောင်စုကို ပန္နက်ချနိုင်ခဲ့လေသည်။ ထိုမှ တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲ ကျင်းပ အောင်မြင်ရေး အတွက် ဖ. ဆ. ပ. လအဖွဲ့ချုပ်က ပြည်သူလူထု တစ်ရပ်လုံးသို့ စည်းရုံးလှုံ့ဆော်လေသည်။

*(ဆက်လက်ဖော်ပြပါမည်)*




**ကျောင်းသာကဖြစ်ပုံ ဆိုး**

'ချောင်းသာကမ်းခြေက ဆက်နေတာပါ။ ချောင်းသာမှာ ဖြစ်နေတာကြာပြီဖြစ်တဲ့ ကိစ္စလေးပြောချင်လို့ပါ'

'ပြောပါခင်ဗျ'

'ဒီလိုပါ။ ချောင်းသာကမ်းခြေမှာ ခေါင်းရွက်ဗျတ်ထိုး ဈေးသည်မှအပ ဆိုင်ခုံခင်းပြီး မည်သည့်ဈေးသည်မှ ရောင်းချခွင့်မပြုလို့ စည်းကမ်းချက်ရှိပါတယ်။ ဒါပေမဲ့ အဲဒီ စည်းကမ်းချက်ကို မလိုက်နာကြဘဲ ခုံတွေခင်း၊ ထီးတွေစိုက်၊ ညပါအိပ်ပြီး အသုပ်၊ မုန့်ဟင်းခါးကအစ အရက်ဘီယာတွေအထိ ရောင်းချနေပါတယ်'

'ဆိုင်ရာက မပြောဘူးလား'

'ဆိုင်ရာကလည်း ပြောရင် စကားများရတာ ဆိုတော့ ခေါင်းခံမယ့်သူ ရှိပုံမပေါ်ဘူး။ လျစ်လျူရှုထားတယ်။ ကမ်းခြေတစ် လျှောက်ဆိုင် (၅၀) လောက်ဖြစ်နေတာ ဆိုတော့ ကမ်းခြေမှာလည်း အမှိုက်တွေက ပွ၊လမ်းလျှောက်လို့လည်း ခက်၊ နိုင်ငံခြား ခရီးသည်တွေနဲ့ ဆိုတော့ တိုင်းပြည် အတွက်ပါ ရှက်စရာကောင်းတယ်။ အဲဒါ စည်းကမ်းတကျဖြစ်အောင် နှိမ်နင်းပေးဖို့ Hot News မှာ ရေးပေးပါခင်ဗျာ'

***

**ကြည့်မြင်တိုင်က ဦးကျော်ဖွန်းစံလမ်း**

'ကျွန်တော်ကြည့်မြင်တိုင်မြို့နယ်ကပါ။ Hot News ကို ပြောစရာရှိလို့'

'ဟုတ်ကဲ့၊ ပြောပါခင်ဗျ'

'ဒီလိုဗျ။ ကြည့်မြင်တိုင် ဦးကျော်ဖွန်းစံလမ်းမှာ မီးမလာတာ (၂) နှစ်ပြည့်တော့မယ်။ ကျွန်တော်မှတ်မှတ်ရရမှတ်ထားခဲ့တာ ၂၀၁၂ ဇန်နဝါရီလ (၁၃) မှာ (၂) နှစ်အတိပဲ'

'အဲဒါ ဆိုင်ရာဌာနကို အကြောင်းမကြားဘူးလား'

'EPC ကို ဆက်သွယ်ပါတယ်။ ဒါပေမဲ့ မထူးပါဘူးဗျာ။ ရပ်ကွက်အုပ်ချုပ်ရေးမှူးကလည်း အေးတိအေးစက်နဲ့ ဘာမှလုပ်မပေးဘူး။ ဦးကျော်ဖွန်းစံလမ်းမှာက အ. ထ. က (၄) ကျောင်းလည်းရှိတယ်။ မီးရထားလိုင်းတစ်ခုလည်းရှိတယ်။ အဲဒီတော့ ဖြတ်သွားဖြတ်လာလည်းများတယ်။ ညဘက်ဆို အမှောင်ထဲမှာ ဘေးအန္တရာယ်ရှိနိုင်တယ်'

'မှန်တာပေါ့ ခင်ဗျာ'

'အဲဒီတော့ ရာဇဝတ်မှုတွေ မဖြစ်အောင်လမ်းနေလူထုကပဲ ကိုယ့်အိမ်နားကိုယ့်ဘာသာမီးထွန်းပြီး လမ်းလင်းအောင်လုပ်နေရတယ်'

'အဲဒါ ပိုမှန်တာပေါ့ခင်ဗျာ။ နေရာတိုင်းချည်း အစိုးရ အားကိုးနေမယ်ဆိုရင် ပြည်သူတွေ သေတာကြာပေါ့။ ကိုယ်တတ်နိုင်ရင် ကိုယ့်အားသာ ကိုယ်ကိုးကြပေတော့'

***

**ယောက္ခထီးမှား ယောက္ခသူမှန်**

'နားတစ်ရာ ခင်ဗျား။ မြန်မာလူ့အသိုင်းအဝိုင်းအတွက် အင်မတန်အရေးကြီးတာ ပြောချင်လို့ပါ'

'ဟုတ်ကဲ့။ ဘာများပါလိမ့်။ သိချင်ပါတယ်'

'ကိုယ့်ဇနီး၊ ကိုယ့်ခင်ပွန်းရဲ့ မိဘကို ယောက္ခမလို့ အသုံးအနှုန်းရှိတယ်။ အဲဒီမှာ ဖအေဖြစ်တဲ့ ယောက္ခမကို ယောက္ခထီးဆိုပြီးပြောနေ၊ သုံးနေ၊ ရေးနေကြတာ တော်တော်တွင်ကျယ်နေပြီ'

'ဟုတ်ပါဗျာ။ ဗီဒီယိုကားတွေမှာဆို ပိုတောင်ဆိုးသေး'

'အထီး၊ အမ ဆိုတာတိရစ္ဆာန်တွေမှာ သုံးတာဗျ။ ယောက္ခမဆိုတာမိဘပဲ။ မိဘကို တိရစ္ဆာန်နဲ့ နှိုင်းသလို ဖြစ်မနေဘူးလား။ အဲဒီအသုံးနဲ့ ပတ်သက်ပြီး ဒါရိုက်တာ ဦးကြည်စိုးထွန်းလည်း ပြောဆိုဆွေးနွေးဖူးတယ်ထင်တယ်။ ကျွန်တော် စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးတယ်။ စာအုပ်နာမည်တော့မမှတ်မိဘူး။ ဒါပေမဲ့သေချာတယ်ဗျာ။ ကျိန်းသေလို့ ပြောရဲတယ်။ ကိုယ့်ဇနီး၊ကိုယ့်ခင်ပွန်းရဲ့ဖခင်ကို ယောက္ခသူလို့ခေါ်တယ်။ Hot News အဲဒါလေး ရေးပေးပါဗျာ'

'ဟုတ်ကဲ့။ တန်ဖိုးရှိတဲ့ အကြောင်းအရာပါ။ ကျွန်တော် သေသေချာချာရေးပေးပါ့မယ်'

***

**စစ်တွေ လမ်းပြင်ပုံ**

'ကျောက်တော်မြို့နယ်က ဆက်တာပါ'

'ဟုတ်၊ ပြောပါခင်ဗျ'

'ဒီလိုဗျ။ ရန်ကုန်စစ်တွေအဝေးပြေးလမ်းမကြီးကို ၂၀၁၂ ကတည်းက ကုမ္ပဏီတွေကို ခွဲဝေပြီး ပြင်နေတာ။ အရင်တုန်းကတော့ လမ်းပြင်ရင်ဆောက်လုပ်ရေးက ပြင်တာ'

'ဟုတ်ကဲ့။ BOT စနစ်နဲ့ ကိုယ်တာဝန်ယူတဲ့ အပိုင်းကိုယ်ပြင်ဖို့ ကုမ္ပဏီတွေကိုချပေးခဲ့တာပါ။ ဘာများ ပြောချင်လို့ပါလိမ့်'

'ဟုတ်ပါတယ်။ ဆောက်လုပ်ရေးပြင်တုန်းကဆိုရင် ကားသွားဖို့အတွက် တစ်ခြမ်းကိုပြင်ရင်တစ်ခြမ်းကို ဖွင့်ပေးထားတယ်။ အခု ကုမ္ပဏီတွေပြင်တော့ တစ်လမ်းလုံး အပြည့်တစ်ခါတည်းပြင်တော့ ကားသွား လာရခက်ပြီး ခရီးသည်တွေ အန္တရာယ်များလွန်းနေတယ်။ တောင်တွေနားက ကပ်မောင်းရတာ။ အဲဒါ'

'ရေးပေးပါ့မယ်ခင်ဗျာ'

***

'ဂျာနယ်တွေထဲမှာ သတင်းတစ်ပုဒ်ဖတ်ရလို့ လှမ်းဆက်တာ'

'ဟုတ်ကဲ့။ ဘာသတင်းပါလိမ့်'

'ထိုင်းကုမ္ပဏီတစ်ခုက ဘတ်ငွေ ၃၅ သန်းကျော် အကုန်အကျခံပြီး ဒီဇင်ဘာ (၃၁) ရက် ည (၆) နာရီကနေ (၁) နာရီထိ ရွှေတိဂုံဘုရားကြီးနောက်ခံထားပြီး နှစ်သစ်ကူးပွဲတော်ကြီးကို ပြည်သူ့ရင်ပြင်မှာ အစိုးရရဲ့ခွင့်ပြုချက်နဲ့ ကျင်းပမယ်ဆိုတဲ့သတင်းပါ'

'ဟုတ်ကဲ့။ ကျွန်တော်လည်း ဖတ်ပြီးပါပြီ။ ဝင်ကြေးအခမဲ့၊ နာမည်ကြီးတီးဝိုင်းတွေ၊ နာမည်ကြီးအဆိုတော်တွေလည်း ဆိုကြတီးကြလိမ့်မယ်။ TV ကလည်း ရိုက်ကူးထုတ်လွှင့်ဦးမယ်။ ရန်ကုန်မြို့နေလူထုရဲ့ ၈၀ ရာခိုင်နှုန်းလောက်လာလိမ့်မယ်လို့လည်း ပွဲစီစဉ်သူတွေက မျှော်လင့်နေကြတယ်။ လုံခြုံရေးကိုလည်း မြန်မာ့တပ်မတော်ရဲ့ အကူအညီရယူမယ်လို့လည်း ဂျာနယ်တစ်စောင်ကရေးထားတာဖတ်ရပါတယ်'

'ကျွန်တော်တို့မြန်မာမှာ ကိုယ်ပိုင်နှစ်သစ်ရှိတယ်ဗျ။ နှစ်ဆန်းတစ်ရက်နေ့ဆိုတာ မြန်မာတွေဂုဏ်ယူစရာကိုယ်ပိုင်ယဉ်ကျေးမှုစစ်စစ်ပဲ။ အနောက်တိုင်း ယဉ်ကျေးမှုကို ဘာဖြစ်လို့တာဝန်ရှိသူတွေကိုယ်တိုင်က တရားဝင် ခွင့်ပြုရတာလဲ။ အရင့်အရင်နှစ်တွေတုန်းက အဲဒီညမှာ ဟက်ပီးနယူးနီးယားလို့ ဟစ်အော်ပြီး အပျော်လွန်ကြလို့ အသေအပျောက်တွေတောင်ဖြစ်ခဲ့ကြရတာ။ အခု တရားဝင်ကျင်းပလိုက်တော့ပိုဆိုးတော့မှာပေါ့'

'ဒါကတော့ဗျာ။ ကိုယ့်ကိုယ်ကိုယ်ပဲ ထိန်းကြတော့ပေါ့။ ခင်ဗျားအခုပြောတာတွေ ကျွန်တော် ညာဏ်မမီတော့ပါဘူး။ သူများ ယဉ်ကျေးမှု လက်ခံသူတွေက လက်ခံ၊ ကိုယ့်ယဉ်ကျေးမှုထိန်းသိမ်းသူကလည်း ထိန်းသိမ်းကြပေါ့'

**နား တစ် ရာ ဖော် ကောင် လုပ် သည် ဖော် ချင် သူ များ ဆက် သွယ် ကြ ပါ**

# HOT NEWS စာလွှင်ပြင်

**စွန်ရဲနက်(ရွှေမှော်ဝန်း)**

## တော်လှန်ရေး၏ မြူပ်ကွက်ရှုပ်ကွက်များ ဦးဗဆွေ(ဝန်ကြီးချုပ်ဟောင်း)




မြန်မာ့နိုင်ငံရေးလောကတွင် ဗဆွေအမည်တူများရှိခဲ့ရာ ဝန်ကြီးချုပ်ဟောင်း ဦးဗဆွေကို သူ့ရဲဘော်များက **'ကျားကြီးဗဆွေ'** ဟု ချစ်စနိုးခေါ်ဝေါ်ကြသည်။ သူကား အမည်နှင့်လိုက်အောင်ရဲရင့်သည်။ ပြောစရာရှိလျှင် ဘွင်းဘွင်းပြောသည်။

"ဤမြုပ်ကွက်ရှုပ်ကွက်များကို ဖော်ထုတ်နိုင်သူတို့မှာလည်း တစ်နေ့တစ်ခြားလုံးပါးပါးလျက်ရှိလေသည်။ ကြာလျှင် **တုတ်ထမ်းဓားထမ်းပြောရမည်ကိုပင်** စိုးရိမ်မိတော့သည်။ ဤမြုပ်ကွက်ရှုပ်ကွက်များကို ဖော်နိုင်သူတို့မှာလည်း ယနေ့ဖို့ဆိုလျှင် လက်တစ်ဖက်ရှိလက်ချောင်းများထက်မပိုတော့။ ထိုအထဲ၌စာရေးသူလည်း တစ်ဦးအပါအဝင်ဖြစ်ရာ ကြီးလေးသောတာဝန်ရှိသူပင် ဖြစ်လေတော့သည်။ ကိုလိုနီခေတ်နောက်ပိုင်းနှင့်လွတ်လပ်ရေးခေတ်ဦး၏ အဖြစ်မှန်သရုပ်မှန်တို့ကိုသိလိုသူများအတွက် ရည်ရွယ်ထုတ်ဝေလိုက်ခြင်းဖြစ်သည်။

**တန်ဖိုး ၃၀၀၀ ကျပ်**

## THEINSEINOMICS CENTURY

### နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်၏ ပြုပြင်ပြောင်းလဲမှုရာစုသစ်

**ဝင်းဖေမောင်**




ရည်မှန်းချက်ပန်းတိုင်ကို
သံမဏိစိတ်ဓာတ်ဖြင့် အရောက်သွားပါ။
ရိုးသားကြိုးစား ဝီရိယဉာဏ်ပွား၍
အများအကျိုး ကူညီဆောင်ရွက်ပါ။
ကိုယ်ချင်းစာစိတ်ထားပါ။
မကောင်းမှုရှောင်၊
ကောင်းမှုဆောင်၊
စိတ်ကိုဖြူအောင်ထား
ဟု အမြဲပြောဆိုဆုံးမခဲ့သည့်
ကျေးဇူးရှင်ဖခင်ကြီးအား
အစဉ်ထာဝရ အောက်မေ့သတိရ
ဦးခိုက်လျက်။

**တန်ဖိုး ၂၀၀၀ ကျပ်**

## ၁ ထောင့် ၅ ည ပုံပြင်များ စံဇာဏီဘို



နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ချုပ် ရန်ပုံငွေအဖြစ် ထုတ်ဝေသည်။ စံဇာဏီဘိုသည် နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးဖြစ်သည်။ ရေးခွင့်ရပြီဆိုသဖြင့် ရေးသားလာခြင်းဖြစ်သည်။ နာမည်ကို ၁ ထောင့် ၅ ည ပုံပြင်များ ပြောတော့လည်း ၅/ည ချုပ်ထားလိုက်တာ ၅ နှစ်တောင် ကျော်ပြီဟု ပြောပြရမလို ဇာတ်လမ်းမျိုးဖြစ်သည်။ ကျွန်တော်တို့ နိုင်ငံရေးအကျဉ်းသားဟောင်းအပေါင်းတို့သည် မြန်မာနိုင်ငံအားအစိုးရလက်ထက်မှ လွတ်မြောက်ပြီးဒီမိုကရေစီရေး၊ လူ့အခွင့်အရေးများ အပြည့်အဝရရှိရေးအတွက် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် တော်လှန်ခဲ့ကြသူများဖြစ်သည်။

စာမူခွင့်ပြုချက်အမှတ် ၀၄၂၁၃၂ ဒေါ်သင်းသင်းမွန်(သင်းစာပေ)မှ ထုတ်ဝေပြီး **တန်ဖိုး ၁၅၀၀** ကျပ်ဖြင့် ထုတ်ဝေထားကြောင်း သိရသည်။

မနက်ခင်းစောစော

လမ်းကျဉ်းလေးဘေးက သရက်ပင်အောက်မှာ စားပွဲခုံကလေးလာချထားတယ်ခင်ဗျ။ ပလတ်စတစ်ထိုင်ခုံလေးငါးလုံးကတန်းစီလို့။ ဦးရာကြီးတစ်ယောက် ဘာတွေ များအလုပ်ရှုပ်နေတာပါလိမ့်လို့ စူးစူးစမ်းစမ်းတွက်ကြည့်သူကကြည့်၊ လမ်းသွားရင်း ယောင်ပေယောင်ပေလုပ်သူက လုပ်ပေ့ါဗျာ။ ရာအိမ်မှူးဦးရာကြီး တစ်ယောက်တည်းအလုပ်ရှုပ်နေတာကို ဘယ်သူမှထွက်မမေးရဲတော့ကြီးတော်ဂျမ်းစိန်ကပဲ ဦးဆောင်လှမ်းမေးတယ်ခင်ဗျ။ 'ဟဲ့ ရာကြီး ဘာလုပ်မလို့လဲ'

မေးသူက မေးပေမဲ့ ဦးရာကြီးကိုယ်တိုင် ဘုမသိဘမသိသလို လုပ်နေတယ်ခင်ဗျ။

'ဆင်ခြေထောက်ရောဂါ ကာကွယ် ဆေးထိုးမလို့လား'ဟာဗျာ ကြီးတော်ကလည်း'

'ဟဲ့ အရင်တစ်ပတ်က နင်တို့ပဲ စာရင်းကောက်သွားတယ်လေ'

'ဟုတ်မလား မသိဘူးဗျာ'

စိတ်မရှည်တရှည်ပြောပြောဆိုဆိုပဲ ဦးရာကြီးသည်လမ်းထဲက ကိုဖိုးဆယ်ကိုခေါ်ကာလမ်းထိပ်လက်ဖက်ရည်ဆိုင်ရှိ ရာထွက်သွားတယ်ခင်ဗျ။

'ဦးရာကြီး၊ ကြပ်မှူးတွေဘယ်တော့ လာမှာလဲ' 'ကိုးနာရီလို့ပြောတာပဲ'

နှစ်ယောက်သား စကားတပြောပြော စားပွဲလွတ်တစ်လုံးမှာ ဝင်ထိုင်ကြရင်း စာရွက်တစ်ရွက်ပေါ်မှာ ဟိုနာမည်၊ ဒီနာမည်တွေကို ရေးမှတ်နေတယ်ဗျ။ ဒီနာမည်တွေကို ငါးသောင်းသမားတွေကို ပေးလိုက်ရင် ပြီးရောပေ့ါလို့ တိုးတိုး ပြောရင်း နှစ်ယောက်သား ကျိတ်ပြုံးကြီး ပြုံးနေကြပြန်တယ်ခင်ဗျ။

'ဦးရာကြီး ဘာသောက်မှာလဲ'

'ပုံမမှန်'

'တယ် ဒီငဆယ်၊ ပုံမှန်ဟေ့ ပုံမှန်ဟ'

# ဒီမိုကရေစီကို အရောင်ဆိုး၍ မျက်နှာအိုးမဲသုတ်သူများ

**မောင်သာဖျော**

တကယ်တော့ ဦးရာကြီးသည်ပုံမ မှန်ကိုသာကြိုက်တတ်၏။ ရပ်ချုပ်မှူးနှင့် တိုင်ပင်ကာအိမ်ထောင်စုစာရင်းများကို ခွဲနိုင်သလောက်ခွဲထားကြ၏။ သူ့အိမ်မှာ ပင်သုံးခုခွဲ၍သုံးမဲ သေချာအောင် လုပ်ထား၏။ ငါးသောင်း အကြွေးသမားတွေကို ဖိအားပေးလိုက်တာနဲ့ ဆယ်အိမ်စုမှူး သေချာပြီ။ လက်ရှိ ရပ်ကွက်အုပ်ချုပ်ရေး မှူးကြီး၏ ရာထူးပြန်တည်ရေးရာမှူးဆယ်မှူးတွေအထိ အောက်ခြေသိမ်း အစီအမံသည် ပိရိသေသပ်လှ၏။ ဒီမိုကရေစီကို အရောင်ဆိုးသူများဟု ဆိုကမမှား။ ရပ်ကျေးဥပဒေထွက်လာပြီးကတည်းက အစီအမံတွေ ကျိတ်လုပ်ထားကြ၏။ ရပ်သူရပ်သားတို့ မသိသလို တာဝန်မရှိသလို ကိုယ်နှင့်မဆိုင်သလိုနေလေလေ ရပ်ချုပ်ကြီးတို့ကြိုက်လေလေ။ မဟာဗျူဟာခွင်ဝင်လေလေဖြစ်ကုန်၏ဟု သဘောကျကျေနပ်နေကြ၏။

'ငါ ရပ်ချုပ်မှူးဆက်လုပ်မယ်' 'ကျုပ်တို့က' 'ဟ ငါ့လုပ်ပိုင်ခွင့်၊ ငါပြန်ခန့်မှာပေါ့'

ဦးရာကြီးတို့၊ ကိုဖိုးဆယ်တို့ပြုံးပြုံးကြီး ဖြစ်နေကြကုန်၏။ သူတိုတစ်တွေကျိတ်ပုံးခုတ်နေကြချိန်မှာ အိမ်လေးထရံကာ၊ ခြံစည်းရိုးလေးခတ်၊ ငါးပေဆယ်ပေအိမ်ဝေးသမားလူတန်းစာတို့ မျက်ခုံးများလှုပ် နေကြမည်မှာသေချာ၏။ ဘော်ဒါဆောင်နေ ကလေးမတွေအချိန်ပိုခတွေပိုကုန်ကြ တော့မှာသေချာ၏။ နှစ်လုံး၊ သုံးလုံးပုန်း စရာမလိုအောင် အဆင့်မြှင့်ကြရတော့မည်မှာမလွဲ။ 'ဧည့်စာရင်းတစ်ခါ တစ်ယောက်သုံးရာ'

'ငယ်စဉ်ကြီးလိုက်တစ်ခါထိုး ထောင်၊ သောင်း လက်မှတ်ဖိုး' 'ဟေ ဟေ့'

အတွေးကိုယ်စီနဲ့ သဘောတခွေ့ခွေ့ ဖြစ်နေချိန် ကြပ်မှူးကားတစ်စီးဆိုင်ရှေ့ကဖြတ်မောင်းသွားသည်ကိုတွေ့လိုက်ကြသဖြင့် ဦးရာကြီးတို့နှစ်ယောက်သားကရောသောပါးထလိုက်သွားကြကုန်၏။

'ဆယ်အိမ်စုဝင်တွေ ခေါ်တော့ ဟေ့'

ကားပေါ်မှဆင်းကာသရက်ပင်အောက် ကစားပွဲမှာဝင်ထိုင်ပြီးတာနဲ့ ကြပ်မှူး (၁) က အမိန့်ပေးလိုက်၏။ ဦးရာကြီးတို့၊ ဖိုးဆယ်တို့ တစ်အိမ်ဝင်တစ်အိမ်ထွက်အလုပ်ရှုပ်လျက်ရှိကြတော့၏။ ဘုမသိဘမသိ အိမ်ရှင်တို့လည်း ကြောင်တိကြောင်တောင်ဖြစ်ကြရင်း-

'ခု အရပ်လူကြီးရွေးမလို့ကြီးတော် ရေ' 'နင်တို့ဟာ ဟယ် လူမသိသူမသိခုမှ'

အရပ်ကပိုင်းမေးပြန်တော့ ဦးရာကြီး တို့ စိတ်ကမရှည်။ ဟိုယောင်ဒီယောင်တွေဖြစ် မဟုတ်တာလုပ်တာ စိတ်ညစ်စရာလို့ များသိဖို့ကောင်း။

'ကြာတယ်ဗျာ။ ခင်ဗျား ငါးသောင်းချေးထားတယ်နော်'

'အေး ဘာဖြစ်လဲ' 'ဘာမှမဖြစ်ဘူး ဒီမှာခြစ်'

'ခြစ်လိုက်ကြဟယ်' 'ပြီးရော တစ်အိမ်'

အစီအစဉ်ချထားပြီးသား အတိုင်းဝိုင်း၍ ခြစ်လိုက်ကြသည်မှာ အရင် ဆယ်မှူးကြီးသည် ယခုဆယ်မှူးကြီးဖြစ်သွားလေ၏တဲ့ ခင်ဗျာ။ သာဖျောတို့ အရပ်ထဲကသရုပ်မှန်အဖြစ်တွေပါခင်ဗျာ။ ကြည့်ချင်ရင် ရန်ကုန်စက်မှုတက္ကသိုလ် အုတ်နံရံကြီးအရှေ့ဘက်က အိမ်စုတွေဆီလာခဲ့ကြပါ။ ဒီမိုကရေစီ အလေ့အကျင့်တွေကို ပယ်ပယ်နယ်နယ်ပေးနေတဲ့ နေရာဒေသလေးပါ။ ပွင့်လင်းမြင်သာမှုလို့ပြောရင်မထီပြုံး ကလေးပြုံးပြုံးပြတတ်တဲ့ ယခင်ရပ်ကွက် ကောင်စီပြုတ်ကြီးတစ်ဦးအပိုင်စီးထားတဲ့ ကျူးကျော်အိမ်ဆယ်ပေလေး ဂရန်ပေးမယ်တဲ့လေးဆိုတဲ့ အရပ်ကြီးမှာ တကယ် ဖြစ်တာပါအရပ်ကတို့။

# အိမ်ငှားတွေ မဲ မပေးရဘူးလား




**နောင်တင်စိုး**

'လုံးဝမတရားဘူး။ ရွေးကောက်ပွဲမဲပေးရမယ်ဆိုတုန်းကတော့ မျက်နှာချိုလေးသွေးပြီး အိမ်တိုင် ရာရောက်လာခေါ်တယ်။ အခုကျတော့ အိမ်ငှားဖြစ်နေလို့ မဲပေးခွင့်မရှိဘူးတဲ့။ အိမ်ငှားနေတာချင်းအတူတူ တောင်ယာယီသန်းခေါင်စာရင်းနဲ့နေတဲ့ သူတွေကျတော့ မဲပေးခွင့်ပြုတယ်။ လမ်း ဝင်ကြေး၊ လမ်းခင်းကြေး၊ မီးကင်းကြေးတွေကျတော့ အိမ်ငှားဆို ပြီးမချန်ဘူး ကောက်တယ်။ ကျွန်မတို့လည်း နိုင်ငံ သားတွေပဲ။ ဥပဒေမှာ အိမ်ငှားမဲမပေး ရဘူးလို့ဆိုထားလို့လား'

အထက်ပါစကားကိုမညီဆိုသူကရင် ဖွင့်ပြောကြားခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့သူနေထိုင်တဲ့လမ်းထဲမှာရပ်ကွက်အုပ်ချုပ်ရေးမှူးရွေးချယ်ရေး အတွက်ကြီးကြပ်ရေးအဖွဲ့က ဆယ်အိမ်စု ကိုယ်စားလှယ်ရွေးချယ်ရာမှာ မညီတို့မိသားစုဟာအိမ်ငှားပြီးနေထိုင်တာကြောင့်ဆယ်အိမ်စုကိုယ် စားလှယ်အဖြစ် မဲပေးပိုင်ခွင့် မရှိကြောင်း ငြင်းပယ်ခြင်း ခံရလို့ပါပဲ။

ကြီးကြပ်ရေးအဖွဲ့ဝင်တစ်ဦးကတော့ 'ကျွန်တော်တို့ကိုရွေးချယ်တဲ့နေ့တုန်းကမြို့နယ် အုပ်ချုပ်ရေးမှူးပြောခဲ့တာ ရှိတယ်။ အများလည်းကြားခဲ့ပြီးသားပါ။ ဆယ်အိမ်စုကိုယ်စားလှယ်ဟာ သန်းခေါင်စာရင်း (ပုံစံ ၆၆/၆) ရှိရမယ်။ ခွင်းချက်အနေနဲ့ ယာယီသန်းခေါင်စာရင်း ရှိသူကိုလည်း မဲပေးခွင့် ပြုပါတယ်။ ဒါကြောင့် ဧည့်စာရင်းတိုင်ပြီးနေရတဲ့ အိမ်ငှားတွေကိုတော့ ခွင့်မပြုပါဘူး' လို့ပြောပါသည်။

ကြပ်မှူး၊ ဆယ်မှူး၊ ရပ်မှူး ရွေးချယ်ရေးပွဲတွေနဲ့ ပတ်သက်ပြီးနေရာဒေသနှံ့ အသံမျိုးစုံကြားနေရပါတယ်။ အထက်မှာ ဖော်ပြထားသလိုအိမ်ငှားမဲမပေးရဆိုတဲ့ ဥပဒေမျိုးတော့မကြားဖူးပါဘူး။ အိမ်ငှားဆိုရာမှာလည်း စပေါ်ပေးပြီးလစဉ် လခပေးနေတဲ့ အိမ်ငှား၊ စပေါ်မတင်ရဘဲ လချုပ်၊ နှစ်ချုပ်နဲ့ အပျောက်စနစ်နဲ့နေတဲ့ အိမ်ငှား၊ အပျောက်စနစ်နဲ့ တိုက်ခန်းကို ဝယ်ယူပြီး ငှားရမ်းခပေးနေရတဲ့ အိမ်ငှားဆိုပြီး အမျိုးမျိုးရှိပါတယ်။ အကြောင်းအမျိုးမျိုးနဲ့ အိမ်ငှားနေကြတဲ့ သူတချို့ဟာ (လ. ဝ. က) ကထုတ်ပေးတဲ့ အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ ၆၆/၆) မရှိကြပါဘူး။ သူတို့မှာတော့ အကြောင်းပြချက်များစွာရှိကြမှာပါ။

ရပ်/ကျေး ဥပဒေမှာတော့ အိမ်ထောင်ဦးစီးဆိုတာ သက်ဆိုင်ရာ ဥပဒေအရသတ်မှတ်ထားတဲ့အိမ်ထောင်စုလူဦးရေ စာရင်းပုံစံမှာ အိမ်ထောင်ဦးစီးအဖြစ်ဖော် ပြထားတဲ့သူကို ခေါ်တာပါတဲ့။ ဒါပေမဲ့ မြန်မာ့ဓလေ့မှာတော့ ဖခင်များကို အိမ်ထောင်ဦးစီးအဖြစ် သတ်မှတ်လေ့ရှိပါတယ်။ ဒီတော့ ပုံစံ (၆၆/၆) မရှိလို့၊ အိမ်ငှားဖြစ်လို့ မဲမပေးရဘူးဆိုတဲ့ ကိစ္စမှာမေးစရာတွေ ရှိလာပါတယ်။ အိမ်ငှားနေတဲ့ သူတွေဟာ သူနေတဲ့ အိမ်ကို သူတာဝန်ယူရမှာပါ။ သူငှားနေတဲ့ အိမ်မီးလန့်ရင်လည်းသူ့ကို အိမ်ရှင်အဖြစ်နဲ့ အရေးယူမှာပါ။ သူ့ခွင့်ပြုချက်မရှိဘဲ အိမ်ပိုင်ရှင်တောင်အိမ်ထဲကျူးကျော်ဝင်ရောက်ခွင့်မရှိပါဘူး။ သက်ဆိုင်ရာ ဥပဒေအရ အိမ်ထောင်စုလူဦးရေ စာရင်းပုံစံအိမ်ငှားတွေမှာ မရှိရင်အိမ်ထောင်ဦးစီးလို့ ဘယ်သူ့ကို သတ်မှတ်မှာလဲ။ ၂၀၀၆ ခုနှစ်အောက်တိုဘာလတုန်းက ရန်ကုန်တိုင်းအေးချမ်းဖြိုး ကောင်စီရဲ့ အစီအစဉ်နဲ့ မိသားစုတွေကိုယ့်ပိုက်ဆံနဲ့ ကိုယ်ဓာတ်ပုံရိုက်ခဲ့ကြပါတယ်။ နောက်တော့ ယာယီသန်း ခေါင်စာရင်းတွေ ထုတ်ပေးခဲ့ပါတယ်။ အဲဒီယာယီသန်းခေါင် စာရင်းရှိတဲ့ အိမ်ငှားတွေဟာ ဧည့်စာရင်း တိုင်စရာမလိုတော့လို့ အဆင်ပြေခဲ့ကြပါတယ်။ အခု အချိန်မှာတော့ အဲဒီယာယီ သန်းခေါင်စာရင်းတွေဟာသက်ဆိုင်ရာ ဥပဒေနဲ့ ညီမညီမေးစရာဖြစ်လာပါပြီ။ ယာယီရှိရင် မဲပေးလို့ရတယ်ဆိုရင် ယာယီနဲ့ မှတ်ပုံတင် လုပ်လို့ရလား၊ နိုင်ငံကူးလက်မှတ်လျှောက်လို့ရလားဆိုတာကိုပါ။

ဆယ်အိမ်စုကိုယ်စားလှယ်မတက်ခဲ့ရတဲ့ အိမ်ငှားတစ်ဦးက 'ကျွန်တော်က ဒီရပ်ကွက်မှာ မွေးပြီး ကြီးလာတာပါ။ မှတ်ပုံ တင်လည်း ဒီမြို့နယ်မှတ်ပုံတင်ပါ။ အိမ်ထောင်ကျတော့အိမ်ငှားနေပါတယ်။ အိမ်ပိုင်ရှင်တွေက သူ့အိမ် လိပ်စာနဲ့ သန်းခေါင်စာရင်းလုပ် ခွင့်ကိုခွင့်မပြုပါဘူး။ အဲဒါနဲ့ ရပ်ကွက်ထဲဟိုလမ်းပြောင်း ဒီလမ်းပြောင်းနဲ့ အခုနေတဲ့ အိမ်ကအိမ်ငှား (၇) ဦးရှိပါတယ်။ ယာယီရှိတဲ့သူတွေကတော့ ဆယ်အိမ်စု ကိုယ်စားလှယ်ရွေးတဲ့နေ့ကျမှ ဟိုဘက်အုပ်စုရောက်တဲ့သူနဲ့ ဒီဘက်အုပ်စုမှာ ကျန်ခဲ့တဲ့သူဆိုပြီး သိကြပါတယ်။ အိမ်ငှားတွေ ဆိုတော့လည်း မပြောရဲကြဘူးပေ့ါဗျာ။ မဲပေးရပုံကိုမေးကြည့်တော့လဲကြပ်မှူးတွေရှေ့မှာ ရှိတဲ့မဲစာရွက်မှာ ကိုယ့်နာမည်၊ လက်မှတ်နဲ့ ဆယ်အိမ်စုကိုယ်စား လှယ်လောင်းရဲ့ အမည်ကိုရေးပြီး မဲပေးရတယ်ဆိုတော့ ဗြောင်ဆန္ဒမဲ ပေးရတဲ့ သဘောပေ့ါ။ ဒါတောင် ကြပ်မှူးတစ်ဦးက မဲပေးရတဲ့သူ တစ်ဦးကို ခင်ဗျားဘယ်သူ့ကို မဲပေးတာလဲလို့ အများရှေ့မှာ မေးသေးတယ်' လို့ပြောပြခဲ့ပါတယ်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မည်သူ့ကိုမျှ လူတန်းစား မခွဲခြားစေသင့်ပါဘူး။အခုတော့ အိမ်ငှားနေထိုင်သူတွေဟာ ဧည့်စာရင်းဆိုတဲ့ ကိစ္စကြီးကြောင့် ပြောသင့်တာကို မပြောရဲကြပါဘူး။ တကယ်တော့ သူတို့ဟာ ဧည့်သည်တွေမဟုတ်ပါ။ သူတို့ငှားနေတဲ့ အိမ်မှာသူတို့ဟာ အိမ်ရှင်တွေပါ။ ဒါတွေကို သူတို့ မသိတာကြောင့် ဧည့်စာရင်းတိုင်ပြီးနေကြတာပါ။ အိမ်တစ်အိမ်ကို ခဏတစ်ဖြုတ် လာရောက်နေထိုင်သူသာဧည့်သည်လို့ သတ်မှတ်ရမှာပါ။ ရပ်/ကျေးဥပဒေမှာဧည့်သည်လာ ရင်လည်းရောက်ကြောင်း တစ်ခါအကြောင်း ထားမယ်၊ ပြန်သွားရင်လည်း ပြန်သွားကြောင်းအကြောင်းထားမယ်ဆိုရင်ရပါတယ်။ (၂) ရက်တစ်ခါ၊ (၃) ရက်တစ်ခါဧည့်စာရင်းသွားတိုင်နေစရာ မလိုပါဘူး။ တကယ်တော့ ရပ်/ကျေး အုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေအတိုင်းလုပ်ကြရင်ဘာမှအသံထွက်စရာအကြောင်းမရှိပါဘူး။ဥပဒေနဲ့မညီလို့သာ အသံတွေ ကြားနေရတာပါ။ အခုတော့ ရပ်ကွက်ထဲမှာ ကြပ်မှူး၊ ဆယ်မှူး၊ ရပ်မှူးလုပ်ချင်တဲ့ သူတွေကြောင့် အသံတွေကြားခဲ့ရပါတယ်။ သူတို့ လူကြီးလုပ်ချင် နေကြတာကြောင့် ကြားထဲက ပြည်သူတွေခုတုံးလုပ်ခံနေရ၊ လူလည်ကျခံ နေရတာတွေ တွေ့နေရပါတယ်။ ဒီလိုသာဆိုရင်လူလည်နဲ့ ခုတုံးလုပ်မယ်သူတွေသာ လူကြီးဖြစ်ခဲ့လို့ကတော့ ပဲဝက်ငွေ အသပြာကို သူတို့ရဲ့လည်မှာ သာဆွဲပေး လိုက်ချင်ပါတော့တယ်လို့ ပြောလိုက်ချင် ပါတော့တယ်။

# Entertainment

THE HOT NEWS
Vol - 3, No - 123, 3 - 9 Jan, 2013




## အနုပညာ လှုပ်ရှားမှု မှတ်တမ်း



**မယ်လိုဒီ**

ရုပ်ရှင်မရိုက်တော့ဘူးလို့ပြောပြီး အကျိုးပြုကားဆိုရင် ရိုက်ပါမယ်လို့ ထပ်မံပြင်ဆင်ပြောပြီးနောက်မှ အကျိုးပြုကားဖြစ်တဲ့ ထာဝရအလင်းတန်းများဇာတ်ကားနဲ့ အကယ်ဒမီ ရလိုက်တာကလည်း မှတ်တမ်းဖြစ်သွားလေရဲ့။

**ဝိုင်းစုခိုင်သိန်း**

ဒါရိုက်တာဖန်းကြီးရိုက်ကူးတဲ့ နလုံးသားဖြောင့်ချက်ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်နေတယ်။ မင်းသားသစ် တက်နေရဲ့ ဒုတိယမြောက်ဇာတ်ကားဖြစ်ပြီး သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းလို့ သိရပါတယ်။





**ဖွေးဖွေး**

Password လို့အမည်ရတဲ့ဇာတ်ကားကို ဒါရိုက်တာညီမင်းလွင်ရိုက်ကူးနေရာမှာ အောင်ရဲလင်းနဲ့အတူ ဖွေးဖွေးလည်းပါတယ်။ သူတို့(၃) ယောက် ပထမဆုံး ဆုံဆည်းမှုလည်း ဖြစ်တယ်လို့သိရတယ်။

**ချစ်စန္ဒီဦး**

ဒါရိုက်တာမင်းအုပ်စိုးရဲ့ ရင်ကွဲနာရုပ်ရှင်ဇာတ်ကားမှာ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကို ရလိုက်တာကြောင့်တစ်ကားတည်းနဲ့ အကယ်ဒီမီဆွတ်ခူးနိုင်တဲ့ စာရင်းဝင်သွားပါပြီ။ ကျေးဇူးစကားဆိုရင်း မျက်ရည်ကျခဲ့တဲ့ချစ်စန္ဒီဦးကို သွေပရိသတ်များက အချစ်ပိုခဲ့ကြတယ်။



## ၂၀၁၂ ကို ကိုင်လှုပ်နိုင်ခဲ့ဆုံး ကမ္ဘာကျော်စုံတွဲများ

ကမ္ဘာကျော် သတင်းကွန်ရက်ကြီး Gossip Center ကနေ ၂၀၁၂ ခုနှစ်အတွင်း ပရိသတ်များအကြား စိတ်ဝင်စားခံရဆုံး၊ အလှပ်ခတ်ဆုံးနှင့်ကျော်ကြားမှုအရှိဆုံး ဟောလိဝုဒ် ကမ္ဘာကျော် စုံတွဲများစာရင်းကို ထုတ်ပြန်ခဲ့ရာနာမည်ကြီးစုံတွဲဖြစ်သည့်ရော ဘတ်ပတ်တင်ဆန်နှင့်ခရစ်စတင်း စတီးဝပ် (Robert Pattinson & Kristen Stewart) တို့စုံတွဲမှာ နံပါတ်(၁)နေရာရရှိခဲ့ပါတယ်။အဆိုပါ Twilight စုံတွဲဟာအချစ်၊ အလွမ်းနှင့်လှုမှုရေးဖောက်ပြန်မှုတွေ၊ စစ်မှန်တဲ့သံယောဇဉ်အခြေခံချစ်ခြင်းမေတ္တာတွေနဲ့ ပြန်လည်ပေါင်းထုပ်မှုတွေ စတာတွေကြောင့်ပရိသတ်တွေကြားအလှုပ်ခတ်ဆုံး လူငယ်စုံတွဲအဖြစ် ရွေးချယ်ခံရခြင်းဖြစ်တယ် လို့ Gossip Center ကဆိုပါတယ်။ Twilight စုံတွဲရဲ့နောက်နံပတ် (၂)နေရာမှာတော့ ရင်သွေးဦးလေးရတော့မယ်ဆိုပြီး လှုပ်လှုပ်ခတ်ခတ်ဖြစ်ခဲ့တဲ့ ကိန်းဘရစ်(ချ်)မြို့စားတော်ဝင်မင်းသားဝီလီယံနှင့်ကိတ် မစ်ဒယ် တန်တို့စုံတွဲပါ။ အဲဒီနောက်တော့ ဂျပ်စတင်ဘီဘာနှင့် ဆလီနာဂိုမက်(ဇ်)၊ ကေတီပယ် ရီနှင့်ဂျွန်မေယာ၊ ပေါ့အဆိုကျော်မလေး တေလာဆွစ်နှင့်ဟယ်ရီစတိုင်(စ်)တို့စုံတွဲအသီးသီးရပ်တည်ခဲ့ပါတယ်။ နာမည်ကျော်ခရစ်ဘရောင်းနဲ့ ရီဟားနားတို့ စုံတွဲကတော့ နံပါတ်(၁၀)သာရရှိခဲ့တယ်လို့သိရပါတယ်။

**နိုင်မာ** Ref:Gossip Center's

# မြန်မာ့ရုပ်ရှင် အကျဘက်ဦးတည်နေဟု ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌပြောပြီ



ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီ) အခမ်းအနားမှာ ပထမဆုံး မိန့်ခွန်းပြောကြားတဲ့ မြန်မာနိုင်ငံရုပ်ရှင်အစည်းရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက "၁၉၂၀ ခုနှစ်မှာ စတင်ခဲ့တဲ့ မြန်မာ့ရုပ်ရှင်ဟာ မကြာမီကာလမှာ နှစ်တစ်ရာပြည့်တော့မှာ ဖြစ်ပါတယ်။ ၁၉၂၀ခုနှစ်မှာကြီးမားလှတဲ့ ရိုက်ကူးရေးစက် ကိရိယာများနဲ့ ခေတ်မီရုပ်ရှင် ရုံကြီးများရာပေါင်းများစွာနဲ့ အဆင့်အတန်းမီတဲ့ မြန်မာ့ရုပ်ရှင်ဟာ ဒီနေ့အချိန်အခါမှာတော့ အလွန်နည်းပါးတဲ့ငွေကြေးအရင်း အနှီးနဲ့ ဇာတ်ကားစတင်ရိုက်ကူးစဉ်မှာ အခက်အခဲပေါင်းစုံနဲ့တွေ့ကြုံနေရဆဲပဲဖြစ်ပါတယ်။ မြန်မာ ရုပ်ရှင်ရဲ့နှစ်အလိုက် ရုပ်ရှင်ဇာတ်ကားထွက်ရှိမှုကို သုံးသပ်ကြည့်မယ်ဆိုပါလျှင် ၁၉၆၉ခုနှစ်မှာ ၉၃ ကား၊ ၁၉၇၈ခုနှစ်မှာ ၇၉ကား၊ ၁၉၉၄ခုနှစ်မှာ ၄၅ကားနဲ့ ယခု ဒီ အခမ်းအနားကြီးကျင်းပတဲ့ ၂၀၁၁ ခုနှစ်မှာ ၁၅ကားသာ ရုံတင်တင်ပြနိုင်တော့ပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် မြန်မာ့ရုပ်ရှင်လောကဟာ အကျဘက်ကိုဦးတည်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ဒါ့အပြင် လက်ရှိကာလမှာ ရုပ်ရှင်ရိုက်ကူးရေးခေတ်မီစတူဒီယိုကြီးများ ခေတ်မီကင်မရာနဲ့ဆက်စပ်ရိုက်ကူးရေးပစ္စည်းများ၊နည်းပညာနှင့်အတွေ့အကြုံလိုအပ်မှုများ၊ ရုပ်ရှင်အနုပညာရှင်၊အတတ်ပညာရှင်များ၏ အရည်အသွေးများကျန်ရှိမှု၊ရုပ်ရှင်ထုတ်လုပ်သူများ၏ ငွေကြေးနည်းပါးမှု၊ခေတ်မီရုပ်ရှင်ရုံကြီးများလိုအပ်မှု တစ်ရှိန်ထိုးဖွံ့ဖြိုးတိုးတက်လာတဲ့ ရုပ်သံလိုင်းအသီးသီးနဲ့ယှဉ်ပြိုင်နေရတဲ့အချက်များဟာ မြန်မာ့ရုပ်ရှင်လောကအတွက်ကြီးမားလှတဲ့ စိန်ခေါ်မှုကြီးတစ်ခုပါ"လို့ပြောကြားခဲ့ပါတယ်။ လက်ရှိမြန်မာ့ရုပ်ရှင်လောကိုကြည့်ပြန်ရင် မင်းသား၊မင်းသမီးများ၏ RC ကြေးများကြီးမြင့်မှု၊ ရုပ်ရှင်ထုတ် လုပ်သူများ၏ အရည်အသွေး အားနည်းမှုကြောင့် မြန်မာ့ရုပ်ရှင်ဆက်စပ်လုပ်ကိုင်လျက်ရှိတဲ့ လူများအနှံ့ပေါ်လျက်ရှိကြောင်းသိရသည်။

ဖြိုးအောင်

## ရန်ကုန်မြို့ပြည်သူ့ရင်ပြင်၌ တေးသံရှင်ဒေါ်မာမာအေး ရသနှလုံးသားပေးဆပ်မည်



မြန်မာသီချင်းလောကကြီးတိုးတက်တာကိုကြိုက်ပါတယ်ဖျက်ဆီးတာကို မကြိုက်ပါဘူး။ မြန်မာသံစဉ်တေးသီချင်းများ ချစ်တဲ့ပြည်သူတွေကို ကျေးဇူးတွေအများကြီးတင်ပါတယ်။ ကိုယ့်ဂီတကိုချစ်မှ ကိုယ့်လူမျိုးကိုချစ်မယ်။ ကိုယ့်လူမျိုးကို ချစ်မှကိုယ့်တိုင်းပြည်ကိုချစ်မယ်ဟု မြန်မာနိုင်ငံနှင့် (၁၀) ကျော်ကင်းကွာခဲ့သူတေးသံရှင်ဒေါ်မာမာအေးက ဒီဇင်ဘာ (၂၈) ရက် မွန်းလွဲ (၁) နာရီတွင် ရန်ကုန်မြို့ City Star ဟိုတယ်ခန်းမ၌ပြုလုပ်သောရသနှလုံးသားပေးဆပ်ပွဲ တေးဂီတဖျော်ဖြေပွဲအတွက် မီဒီယာများနှင့် တွေ့ဆုံရာမှာပြောကြားခဲ့သည်။

ထို့နောက်အခမ်းအနားသို့တက်ရောက်လာသော တေးသံရှင်ကြီးဟသ်ာတထွန်းရင်ကလည်း 'မြန်မာသံစဉ်တေးသီချင်းတွေကျဆင်းနေချိန်မှာ ဒေါ်မာမာအေးပြန်လည်ရောက်ရှိလာတဲ့အတွက် အားရှိတယ်၊ ဒီပွဲကိုလည်း တတ်နိုင်သလောက်ကူညီမယ်၊ မြန်မာပရိသတ်တွေရဲ့ ရင်ထဲမှာ မြန်မာသီချင်းရဲ့ ရသတွေအမြဲတမ်းကိန်းအောင်းနေပါစေလို့ဆုတောင်းပါတယ်'ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါတေးသံရှင်ဒေါ်မာမာအေး၏ ရသနှလုံးသားပေးဆပ်ပွဲ တေးဂီတဖျော်ဖြေပွဲကို ဇန်နဝါရီလ (၁၂) ရက်နေ့ ည (၇) နာရီမှ စတင်၍ ရန်ကုန်မြို့ပြည်သူ့ရင်ပြင်၌ပြုလုပ်သွားမှာဖြစ်ကြောင်း သိရှိရသည်။

ရဲနနနှ

## မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ရန်ကုန်) (၂၀၁၃-၂၀၁၄)ခုနှစ်အတွက်အမှုဆောင်သစ်ဖွဲ့စည်း

မွန်စာပေနှင့်ယဉ်ကျေးမှု ကော်မတီ(၂၀၁၁-၁၂)နှစ်ပတ်လည် အစည်းအဝေးနှင့်(၂၀၁၃-၁၄)အလုပ်အမှုဆောင်သစ်ရွေး ချယ်တင်မြှောက်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ မွန်ဓမ္မာရုံ၌ ဒီဇင်ဘာ(၃၀)ရက် နံနက်ပိုင်းက ကျင်းပရာ နာယကများ၊ကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ မြို့နယ်ကိုယ်စားလှယ်များနှင့်မွန်မိသားစုဝင်များတက်ရောက်ခဲ့ကြသည်။

ပထမပိုင်းအခမ်းအနားအစီအစဉ်များကို မင်းရာဇာရဲထွဋ်က ဖတ်ကြားပြီး ဥက္ကဋ္ဌနိုင်မင်းသောင်းသျှင်က အဖွင့်အမှာစကားပြောကြားခြင်း၊ (၂၀၁၁-၁၂) အလုပ်အမှုဆောင်အဖွဲ့အစီရင်ခံနှင့်ငွေစာရင်းရှင်းတမ်းကို မင်းတမဖလန်နှင့် မိကွန်ချစ်ချစ်တို့က ဖတ်ကြားအတည်ပြုခြင်း၊ ဥက္ကဋ္ဌဟောင်းများအား ဂုဏ်ပြုတံဆိပ်များပေးအပ်ခြင်းနှင့် အမှုဆောင်ဟောင်းများ တာဝန်ပြီးဆုံးကြောင်း ကြေညာခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ဒုတိယပိုင်း အစီအစဉ်အရ သဘာပတိ နိုင်ရည်သောင်းက အမှုဆောင်သစ်ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ဩဝါဒအမှာစကား ပြောကြားခြင်း၊ (၂၀၁၃-၁၄) ခုနှစ် အတွက် အမှုဆောင်များကို တက်ရောက်လာသူများကရွေးချယ်ပေးခဲ့ကြပြီး အခမ်းအနားပြီးဆုံးခဲ့သည်။

ယခုဖွဲ့စည်းလိုက်သော မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)(၂၀၁၃-၁၄)အတွက် အလုပ်အမှုဆောင်အဖွဲ့ဝင်များမှာ ဥက္ကဋ္ဌနိုင် စောဦး၊ ဒုဥက္ကဋ္ဌများအဖြစ်နိုင်ဖေတင်နှင့်မိကွန်ချစ်ချစ်၊ အတွင်းရေးမှူးနိုင်စိုးကြည်၊တွဲဖက်အတွင်းရေးမှူးများအဖြစ် မင်းရာဇာနှင့် နိုင်စိုးအောင်။ဘဏ္ဍာရေးမှူး မိနီလာခင်၊ တွဲဖက်ဘဏ္ဍာရေးမှူး မိခင်လေးမြင့်၊စာရင်းစစ် မိစန်းစန်းမော်၊တွဲဖက်စာရင်းစစ်မိငွေးကြည်၊ပြန်ကြားရေးမှူးနိုင်မင်းထိန်ဝင်း၊ တွဲဖက်ပြန်ကြားရေးမှူး နိုင်ညွန့်ဖေနှင့်အဖွဲ့ဝင် မင်းချို့ဝင်း၊ မိအိမြမြထွန်း၊မိမြမောင်တို့ဖြစ်ကြောင်းသိရှိရသည်။ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)ကို ၁၉၇၂ခုနှစ်၌ စတင်ဖွဲ့စည်းခဲ့ရာ နှစ်ပေါင်း(၄၀)ရှိခဲ့ပြီဖြစ်သည်။

မိုးမြင့်ဆွေ

## ဦးစိန်ကြီး၏ ချစ်စရာဘီလူးများ ပန်းချီပြပွဲ (၂)



၁၉၅၅ ခုနှစ်မှစ၍ ကာတွန်းဆရာ၊ သတင်းစာဆရာဘဝဖြင့် စာပေနယ်သို့စတင်ဝင်ရောက်ခဲ့သော ဦးစိန်ကြီး၏ 'ချစ်စရာဘီလူးများ ပန်းချီပြပွဲ (၂)' ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှ ၁၈ ရက်အထိ အမှတ် (၁၄၃) မြန်မာ့ဂုဏ်ရည်လမ်း ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်အားမာန်သစ်ပန်းချီပြခန်း၌ ကျင်းပမည်ဟု သိရသည်။

ဦးစိန်ကြီးသည် ၁၉၅၆ မှ ၁၉၇၀ ထိကြေးမုံ၊ မိုးကြိုး၊ အိုးဝေ၊ ရန်ကုန်သတင်းစာများနှင့် ရှုမဝ၊ သွေးသောက်၊ မြဝတီ၊ ငွေတာရီ မဂ္ဂဇင်းများမှာ ကာတွန်းများရေးဆွဲခဲ့ပြီး ၁၉၈၅ မှ ၁၉၈၈ အထိ ပန်းချီဆရာများနှင့် ပူးတွဲ၍ ပန်းချီပြပွဲများကျင်းပခဲ့သည်။ ထို့ပြင် ၁၉၉၉ တွင် ဘီလူးပန်းချီကားများကို မြန်မာမှု ရိုးရာလက်ရာများဖြင့်ရေးဆွဲခဲ့သည်မှာ ယနေ့အထိဖြစ်သည်။ ဦးစိန်ကြီးသည် ချစ်စရာဘီလူးများပြပွဲ(၁)ကို ၂၀၁၂ ခုနှစ် မေလ (၂၈) ရက်နေ့ ၆၅ Gallery ၌ ကျင်းပခဲ့သည်ဟု သိရသည်။

သော်တာရောင်ခြည်



HOT NEWS
Vol - 3, No - 123, 3 - 9 Jan, 2013

# ဆီးရီးယားသို့ ပြည်ပတပ်များ ဝင်ရောက်ခွင့်ပြုမည်မဟုတ်ဟု အီရန်သတိပေး



အီရန်နိုင်ငံခြားရေးဝန်ကြီး အလီအက္ကသာဆာလက်ဟီ



အီရန်ဒုံးကျည်များ အသုံးပြုတိုက်ခိုက်နေသည့် ဆီးရီးယား

အီရန်နိုင်ငံခြားရေးဝန်ကြီးဖြစ်သူအလီအက္ကသာဆာလက်ဟီက ဒီဇင်ဘာ ၂၇ ရက်နေ့က အီရန်အစိုးရအဖွဲ့ဝင်ဝန်ကြီးများအစည်းအဝေး၌ 'ဆီးရီးယားနိုင်ငံအတွင်းသို့ မည်သည့်နိုင်ငံခြားသားတပ်ဖွဲ့များအားဝင်ရောက်ခြယ်လှယ်ခွင့်ပြုမည်မဟုတ်'ဟု ပြောကြားလိုက်သည်။ ထို့အပြင် ၎င်းက အာရပ်နိုင်ငံများသည်အခြေအနေဆိုးရွားလာသည့်ဆီးရီးယားပြည်တွင်းပဋိပက္ခအားပိုင်းဝန်း၍အကောင်းဆုံးနည်းလမ်းများရှာဖွေဖြေရှင်းရန်တာဝန်ရှိကြောင်းလည်းပြောကြားသွားသည်။ ဆီးရီးယားအရေးကို ဆီးရီးယားနိုင်ငံသားများကသာ ဖြေရှင်းနိုင်ကြောင်းအခြားမည်သူတစ်ဦးတစ်ယောက်ကမျှကြားဝင်ဖြေရှင်းနိုင်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် အစိုးရနှင့် လက်နက်ကိုင်သူပုန်များအကြား တိုက်ရိုက်တွေ့ဆုံညှိနှိုင်းဖြေရှင်းကြစေလို

**ကျော်စိန်**

ကြောင်းလည်း တီဟီရန်မှာ ကျင်းပသော ၂ ရက်ကြာဝန်ကြီးများအစည်းအဝေး၌ အီရန်နိုင်ငံခြားရေးဝန်ကြီးကပြောကြားခဲ့ပြီး ဆီးရီးယားပြည်သူများသည်သွေးခင်းသည့်လမ်းကိုလျှောက်နေကြရကြောင်း ထောက်ပြပြောကြားသွားသည်။

တစ်ချိန်တည်းမှာပဲ ဆီးရီးယားသည် ယခင်သီတင်းပတ် (ဒီဇင်ဘာ၂၇) ရက်ကအီရန်နိုင်ငံ၏ တိကျပြီးထိရောက်မှုကောင်းမွန်သည့် တာတိုပစ်ဒုံးကျည် ၂လုံးထက် မနည်းအသုံးပြုကာ ဆီးရီးယားသူပုန်များအားတိုက်ခိုက်ခဲ့သည်ဟု အမေရိကန်ကပြောကြားသည်။ ဖားတက် ၁၁၀ (The Fatch A-110) အမျိုး အစား အီရန်၏ တာတိုပစ်တိုက် ချင်းပစ်ဒုံးကျည်များသည် စကတ် (Scud) ဒုံးကျည်များထက်ပင်ထိရောက်မှုနှင့်တိကျမှုပိုမိုကောင်းမွန်သည့် မြေပြင်မှမြေပြင်၊ မြေပြင်မှ ဝေဟင်ပစ်နိုင်သည့် တာကိုပစ်ဒုံးကျည်များဖြစ်ပြီးတာဝေး ၁၂၅ မိုင်ထိပစ်ခတ်နိုင်သည်ဟု သိရသည်။ စကတ်ဒုံးကျည်များသည် မိုင် ၁၈၀ထိပစ်ခတ်နိုင်သည်။ စကတ်ဒုံးကျည်၏ တိကျမှုမှာ ပစ်မှတ်မှပေ ၁၄၅၀ပတ်လည်အတွင်း ကျရောက်ပေါက်ကွဲနိုင်ပြီး ဖားတက် ၁၁၀ အမျိုးအ စားမှာပေ ၃၃၀ ဝန်းကျင်အတွင်း ကျရောက်ပေါက်ကွဲနိုင်ကြောင်းသိရသည်။

ယခုအခါ ဆီးရီးယားအစိုးရသည် ပြည်တွင်းပြည်ပ ဖိအားပေးမှုများစွာနှင့်ကြုံတွေ့ရလျက်ရှိပြီး ဘာရှာအာဆက်၏ နေဝင်ချိန်ရောက်တော့မည်ဟုလည်း အနောက်နိုင်ငံအချို့ကပြော ကြားလျက်ရှိသည်။ **Ref:CNN**

# ပါကစ္စတန် ရဲ၂၀ ကို တာလီဘန်တို့ ပြန်ပေးဆွဲ ပစ်သတ်






ဒီဇင်ဘာ ၂၆ ရက်နေ့က ပါကစ္စတန်အစိုးရ ရဲတပ်ဖွဲ့ဝင် ၂၀ ကို ပါကစ္စတန်လက်နက်ကိုင် အကြမ်းဖက် အုပ်စုတစ်ခုက ပြန်ပေးဆွဲပြီး ပစ်သတ်လိုက်ကြောင်း ပါကစ္စတန်အာဏာပိုင်များကသတင်းထုတ်ပြန်သည်။ဖြစ်ပွားသည့်နေရာမှာ အာဖဂန်နယ်စပ်အနီး ပါကစ္စတန်ပိုင် ပက်ရှ်ဝါတောင်ပိုင်း နယ်စပ်ဂိတ်လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် စခန်းအနီးဖြစ်ပွားခြင်းဖြစ်သည်။ နယ်စပ်ဂိတ်စခန်း ၃ခုတွင် တာလီဘန်စစ်သွေးကြွများနှင့်ထိတွေ့မှုဖြစ်ပြီး တာလီဘန်တို့၏ပြန်ပေးဆွဲခံရခြင်းဖြစ်ကြောင်း၎င်းတို့အား တာလီဘန်တို့က ဒီဇင်ဘာ ၂၆ရက်တွင်ပြန်ပေးဆွဲခံခဲ့ရာ ဒီဇင်ဘာ ၂၈ရက်တွင် ပစ်သတ်လိုက်ကြပြီဟု ထွက်ပြေးလွတ်မြောက်လာသူရဲနှစ်ဦးက ပြောသည်။ ပါကစ္စတန်တွင် ၂၀၀၁ စက်တင်ဘာ ၁၁ရက်မှစ၍ ယခုနှစ်ကုန်ထိ အလားတူဖြစ်စဉ်များကြောင့် သေဆုံးခဲ့ရသူ ၃၅၀၀၀ ကျော်သွားပြီဟု အစိုးရအရာရှိများကပြောကြားသည်။

ဒီဇင်ဘာ ၃၀ရက်ကလည်း ပါကစ္စတန်အနောက်တောင်ပိုင်း အီရန်နယ်စပ်တွင် ရှီယားမွတ်ဆလင်ဘုရားဖူးအဖွဲ့ စီးနင်းလိုက်ပါလာသည့် ယာဉ်တန်းကိုချုံခိုဗုံးခွဲ တိုက်ခိုက်မှုကြောင့် ရှီယားမွတ်ဆလင်ဘုရားဖူးခရီးသည် ၁၉ဦး ပွဲချင်းပြီးသေဆုံးပြီး လူ(၃၀)ခန့် ဒဏ်ရာပြင်းထန်စွာရရှိသည်ဟု ဆိုသည်။ **ကျော်စိန် Ref:Xinhua**

# အီရန်ရေတပ် စစ်ရေးလေ့ကျင့်မှုပြုလုပ်

အီရန်ရေတပ်သည်ဒီဇင်ဘာ ၂၈ ရက်နေ့တွင် ဟောမုဇ်ရေလက်ကြား၌ 'စစ်ရေယာဉ်အန္တရာယ်များ ကာကွယ်ရေးအဆင့် ၉၁' (Guardianship 91) စစ်ရေးလေ့ကျင့်မှုစတင်ပြုလုပ်သည်။ စစ်ရေး လေ့ကျင့်မှု ကာလမှာ ၆ ရက်ကြာမည် ဟု အီရန်ရေတပ်ဦးစီးချုပ်ဗိုလ်ချုပ်ကြီး ဟာဘီဘိုလာဆေယာရီကပြော သည်။ စစ်ရေးလေ့ကျင့်မှုပြုမည့် နယ်နိမိတ်မှာ အိန္ဒိယသမုဒ္ဒရာ မြောက်ပိုင်း၊ ဟောမုဇ် ရေလက် ကြားအနီးအိုမန်ပင်လယ်အတွင်း ဖြစ်သည်။

စစ်ရေးလေ့ကျင့်မှု၏ ရည်မှန်းချက် တာဝန်မှာ ရန်သူ့စစ်ရေယာဉ်များ အန္တရာယ်ကာကွယ်ရေး၊ ရန်သူစစ်ရေယာဉ်များမှ ပစ်လွှတ်သည့်ဒုံးကျည်များ၊ ရေငုပ်သင်္ဘောမှ ပစ်လွှတ်သည့်ဒုံးကျည် အန္တရာယ်များကိုကာကွယ်ရန်ဖြစ်သည်ဟု ဆိုသည်။

လွန်ခဲ့သည့် နှစ်ကလည်း အီရန်သည် "Guardianshp-90" စစ်ရေးလေ့ကျင့် မှုကိုပါရှုန်ပင်လက်တွေ့အတွင်း ပြုလုပ်ခဲ့ခြင်းဖြင့် အီရန်ရောက်သည်။ ၎င်းတို့၏ ရေပြင်ပိုင်နက်ကို ကာကွယ်မရှိ ခုခံကာကွယ်နိုင်ကြောင်း ပြသနိုင်ခဲ့ သည်ဟုအီရန်နိုင်ငံကပြောကြောင်း ရှင်ဟွာသတင်းတစ်ရပ်တွင်ဖော်ပြသည်။

ကျော်စိန် Ref; Xinhua



# ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ငှက်တုပ်ကွေးအန္တရာယ်ကျရောက်နေ



မြန်မာ့အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ငှက်တုပ်ကွေး (BirdFlu) ရောဂါများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေကြောင်း ဒါကာအစိုးရ အရာရှိများက ပြောကြားသည်။ အဆိုပါဖြစ်ရပ်ကြောင့် ယခင်သီတင်းပတ်ဒီဇင်ဘာ ၂၆ ရက်နေ့ထိ ကြက်ငှက်ကောင်ရေ ၁၅၀၀၀၀ ကျော်ကို သုတ်သင်ခဲ့ ရပြီး ကြက်ဥအလုံး ၃၀၀၀၀၀ ကို ဖျက်ဆီးခဲ့ရကြောင်း၊ ထပ်မံသုတ် သင်ရမည့်ကြက်ငှက်များနှင့် ဥများ လည်းရှိနေသေးကြောင်းအမည်မဖော်လိုသူအစိုးရအရာရှိတစ်ဦး ကပြောကြားသည်။

လာမည့် နှစ်ဆောင်းတွင်းကာလဖြစ်သည့် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများအတွင်း ကြက် ငှက်တုပ်ကွေး ရောဂါများ ပိုမိုဖြစ် ပွားလာနိုင်ဖွယ်ရှိကြောင်းလည်း အမျိုးသားဓာတ်ခွဲခန်းဆိုင်ရာပညာ ရှင်များက အတည်ပြုပြောကြား သည်။

ဘင်္ဂလားဒေ့ရှ်မွေးမြူရေးနှင့် ရေလုပ်ငန်းဦးစီးဌာနကလည်း ငှက်တုပ်ကွေး (H5N1) ရောဂါများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေသည်ပြောကြောင်း ဆင်ဟွာ သတင်း တွင်ဖော်ပြထားသည်။ ကျော်စိန်

Ref; Xinhua

# တိုကျိုမျှော်စင်ထိပ်နားမှ အံ့ဩဖွယ်ဘောလုံး

အမြင့်မီတာ ၃၃၃ မီတာမြင့် သောတိုကျိုမျှော်စင်၏ အင်တာ နာတိုင်အတွင်း ထူးဆန်းသော ရာဘာဘောလုံးတစ်လုံးအား ဇူလိုင်လအတွင်းကတွေ့ရှိခဲ့ရသဖြင့် မျှော်စင်သို့ လာရောက်လည်ပတ်သူများကြည့်ရှုနိုင်ရန်ပြသထားသည်။

လွန်ခဲ့သော ၅၄ နှစ်က တည်ဆောက်ထားခဲ့သည့် မျှော် စင်၏ မြေပြင်မှ အမြင့်ပေ ၃၀၆ ပေမြင့်သော နေရာတွင် ဆယ်စုနှစ်နှင့်ချီ၍ သက် တမ်းရှိပြီဟုယူဆရသည့် ထိုဘောလုံး မည်သည့်အတွက်ရောက်ရှိနေသည်ကိုမူ မသိရှိရပေ။

မီနာတိုရပ်ကွက်ရှိ မျှော်စင် အားစီမံခန့်ခွဲနေသည့် နီပွန်ရုပ်/သံစီးတီးကော်ပိုရေးရှင်းမှ ပြောကြားချက်အရ ဘောလုံးသည် ဘေ့စ်ဘောအမျိုးအစားဖြစ်ပြီး အချင်း ၆ စင်တီမီတာခန့်ရှိကြောင်း သိရသည်။

သက်တမ်းကြာမြင့်မှုကြောင့် မူလကအဖြူရောင်ရှိခဲ့ဟန်တူသော ဘောလုံးသည် ယခုအခါ မီးခိုးရောင်သို့ ပြောင်းလဲနေပြီးမျက်နှာပြင်တိုက်စားခံရမှုကြောင့် အပေါက်များဖြစ်နေကြောင်း တွေ့ရှိရသည်။ လွန်ခဲ့သော ဇူလိုင်လ အတွင်းက အင်တာနာတိုင်အား အသစ်လဲလှယ်ရာ၌ အင်တာနာ တိုင်အဟောင်းအတွင်းမှ ဘောလုံးအား တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

မျှော်စင်သို့လာရောက်လည် ပတ်ကြသော ဧည့်သည်များကဘော လုံးကိုကြည့်၍အံ့ဩကြပြီး ၎င်းတို့အနက် ချီဘာစီရင်စုမှ လာ ရောက်သည့် အသက် ၆၄ နှစ်အရွယ်ရှိ ချီကိုအိုချီအီက မျှော်စင်ဆောက်လုပ်သူများအနက် တစ်ဦး ဦးကဟာသအနေဖြင့် ဘောလုံးအားထည့်ထားခဲ့ဟန်တူကြောင်း မှတ်ချက်ပြုခဲ့သည်။

Source: Yomiuri Shimbun, ANN

ဥက္ကာအောင်



Photo: Reuters

# ဆီးရီးယားဗိုလ်ချုပ် ဘက်ပြောင်းခိုလှုံ



ဆီးရီးယားနိုင်ငံ၏ထိပ်တန်း စစ်အရာ ရှိကြီးတစ်ဦးဖြစ်သူဗိုလ်ချုပ် အဗ္ဗဒူးအာဇစ် (Maj-Gen. Abdul Aziz) သည် ဒီဇင်ဘာ ၂၆ ရက် က သူပုန်လက်နက်ကိုင်များထံ ဘက်ကြောင်းခိုလှုံသွားကြောင်း စီအင်အင်သတင်းတစ်ရပ်တွင် ဖော်ပြသည်။ ၎င်းက 'ဆီးရီးယား၏ ဘာရှာအာဆတ်စစ်တပ်သည် လူသတ်ဂိုဏ်းတစ်ခုပမာ ပြည်သူများကိုသတ်ဖြတ်နေကြောင်း၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်ရမယ့်အစား၊ အသက် အန္တရာယ်ကို အစဉ်တစိုက်ခြိမ်းခြောက်နေကြောင်း၊ ဆီးရီးယားပြည်သူများအနေဖြင့် ဆီးရီးယားအစိုးရစစ်တပ်၏ လူစုလူဝေးဖြင့် သတ်ဖြတ်နေမှုကို ကန့်ကွက်ဆန့်ကျင်နေပြီး၊ လွတ်လပ်ပြီးတည် ငြိမ်အေးချမ်းသောလူ့အဖွဲ့အစည်းဖြစ်ရန် တောင်းဆိုနေကြသဖြင့် မိမိအနေ ဖြင့် ပြည်သူများ၏ ဆန္ဒသဘောထားနှင့် ထပ်တူခံစားရ၍ ယင်းသို့ ပြည်သူတော်လှန်ရေး အင်အားစု များထံဘက်ပြောင်း ခဲ့ရခြင်းဖြစ်ကြောင်း' ထုတ်ဖော်ပြောကြားသွားသည်။

အဆိုပါဗိုလ်ချုပ်မှာ ရဲချုပ်အဖြစ် တာဝန်ထမ်းဆောင်နေသူ ဖြစ်သည်။ သူပုန်များက ၎င်း၏ လုံခြုံရေး အတွက် တူရကီနိုင်ငံသို့ ပို့ဆောင်ပြီးခို လှုံခွင့်ပေးထားသည်ဟု ဆိုသည်။ ဇူလိုင် လအတွင်းက ဝန်ကြီးချုပ်ရီယာဒ်ဟိုက် ဂျက်ဘ်သည် သူပုန်များဘက်သို့ ဘက်ပြောင်းခိုလှုံသွားခဲ့သည်။ ကျော်စိန်

# ဂျီစီစီနိုင်ငံများ စစ်ရေးပူးပေါင်းဆောင်ရွက်



ပင်လယ်ကွေ့နိုင်ငံများပူးပေါင်းဆောင်ရွက်ရေးကောင်စီ (Guf Co.operation Council, Gcc) နိုင်ငံများဖြစ်သည့် ဘာရိန်း၊ ကူဝိတ်၊ အိုမန်၊ ကာတာ၊ အာရပ် စော်ဘွားများ ပြည်ထောင်စု (ယူအေအီး) နှင့် ဆော်ဒီအာရေဘီးယားနိုင်ငံမှ နိုင်ငံတော်အကြီးအကဲ စော်ဘွားများသည် ဒီဇင်ဘာ ၂၆ ရက်နေ့ က ဘာရိန်းနိုင်ငံမနာမမြို့မှာ ထိပ်သီးအစည်းအဝေးတစ်ရပ်ကျင်း ပခဲ့သည်။ ၃၃ ကြိမ် မြောက်ဂျီစီစီ နိုင်ငံများ အဆိုပါထိပ်သီးဆွေးနွေးပွဲ၌ အဖွဲ့ဝင် နိုင်ငံခေါင်းဆောင်များပူးတွဲသတင်း ထုတ်ပြန်ချက်တစ်ရပ်မှာ 'မိမိတို့ ဂျီစီစီအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဒေသတွင်းနိုင်ငံများ၏ စစ်ရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို ပူးပေါင်းကာ ကွယ်ကြရမည့် အဖွဲ့ (Common Defence System) တစ်ဖွဲ့ အရေးတကြီး ဖွဲ့စည်းရန်လိုကြောင်း' ပြောကြားသွားကြသည်။ ထို့အပြင် ဂျီစီစီခေါင်းဆောင်များသည် မိမိတို့၏စစ်အင်အားကို တိုးချဲ့ရန်နှင့် စစ်ရေးစွမ်းရည်များ မြင့်မားလာရန် ဆောင်ရွက်ကြရမည်ဟုလည်းအလေးထားပြော ကြားသွားကြောင်း ဆီးရီးယားအစိုးရ၏ လူအစုလိုက်အပြုံလိုက်သတ်ဖြတ် နေမှုများကို ရပ်တန့်ကရပ်ရန် နိုင်ငံတကာ အသိုင်းအဝန်းနှင့် အတူရှုတ်ချကြောင်းပြောကြားသွားသည်။ ကျော်စိန်၊ ကိုးကား–ရိုက်တာ

# ၂၀၁၃ နှစ်သစ်မှာ စစ်ရှိန်မြင့်နေတဲ့ ကချင်ပြည်နယ် စစ်ပွဲများရပ်တန့်ပေးရေး




"အစိုးရ တပ်မှဖြစ်စေ၊ KIA ဘက်မှဖြစ် စေထိခိုက်ကျဆုံးရသော ရဲဘော်များအပါအဝင်ဆုံးရှုံးမှုများသည် ပြည်ထောင်စုတစ်ရပ်လုံး၏ဆုံးရှုံးမှုများ ပင်ဖြစ် ကြောင်း၊ ဤကဲ့သို့ တိုက်ပွဲအရှိန်မြင့်တက်နေမှုများ သည်တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ယုံကြည်မှုတည်ဆောက်ရေးကို ထိခိုက်စေမည့်အပြင် အဓိပ္ပာယ်ပြည့်ဝသောနိုင်ငံရေး ဆွေးနွေးပွဲများ ပေါ်ထွန်းရေးအတွက်အဟန့်အတားဖြစ်လာနိုင်ကြောင်း..."



**မျှော်လင့်ချက်တွေအတွက် ဆုတောင်းဆိုခွင့်ရှိကြောင်း သမ္မတကြီးက နှစ်သစ်ကူးမိန့်ခွန်းပြော** စာ ၅ သို့

**မအော်ခင်က ကော်မရှင်ဖွဲ့ပါ** စာ ၁၂ သို့

**နိုင်ငံရေးအကျဉ်းသားများ ကာကွယ်စောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) AAPP ပြည်တွင်းသို့လာရောက်ခွင့်ရ** စာ ၃ သို့

**ကချင်ပြည်နယ်ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ၈၈ မျိုးဆက်ကျောင်းသားများ၏ သဘောထားထုတ်ပြန်ချက်** စာ ၃ သို့

**နင်းပြားကို – မျှင်းသနားတယ်ဆိုပြီး နင်းစားနေတဲ့ ကျေးရွာအုပ်ချုပ်ရေးမှူး** စာ ၈ သို့

**သေမင်းတမန်ရထားလမ်းကို ၂၀၁၃ ခုနှစ်မှာ ပြန်လည်ဖောက်လုပ်မည်** စာ ၁၇ သို့





